မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၅ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ကြည့်ရှုစစ်ဆေး

နှစ်ထပ်ကျောင်းဆောင်သစ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရေကြည်မြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် မေ၃၀ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၄၃/၆) နှင့် (၁၄၃/၇)ကြားရှိ ခပေါင်းရေလှောင်တမံ လယ်ယာရေသောက်စနစ် လက်ယာလက်တံမြောင်း အမှတ်(၁)မှ စိုက်ပျိုးရေ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း၊ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဇွန် ၁ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အဖွဲ့ဝင်များနှင့်အတူ ရေကြည်မြို့ မြို့မအခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❒

တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်

လက်နက်အားကိုး ဝင်ရောက်စိုးမိုးလိုတဲ့ အဖျက်သမားတွေကို ပြည်သူများမလိုလား ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းပါဝင်ကူညီ

ရှင်းလင်းပြောကြား

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန် ရှင်းလင်းသည့် အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၄

၂၀၁၀ခုနှစ် မေ ၁၆ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၀၁၀ခုနှစ် မေ ၆ရက်တွင် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း သတင်းထုတ်ပြန်ရှင်းလင်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

စာမျက်နှာ ၇ ကော်လံ ၁ ❍

5-6 (01).pmd 1 6/5/2010, 3:01 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇွန် ၅ ရက်)

တရုတ်–မြန်မာ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်နိုင် နှစ်နိုင်ငံ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းအဖြစ် အစဉ်ရပ်တည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇွန်လ ၂ရက်နေ့မှ ၃ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိခဲ့ပေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဇွန်လ ၃ရက်နေ့တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ လာရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအတွက် အလေးထား ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနေ့၌ပင် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ်တိုးမြှင့် ခိုင်မာရေး၊ သတ္တုကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍခရီးသွားလုပ်ငန်းများ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြပေသည်။

မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှည်လျားသည့် ရေမြေတောတောင် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ရှေးအစဉ်အဆက်ကပင် ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့ကြသည်။

မြန်မာ–တရုတ်နှစ်နိုင်ငံအကြားထားရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းသည် တစ်အူထုံ့ဆင်း ညီအစ်ကို "ပေါက်ဖော်"ဆိုသည့် ရင်းနှီးမှုဆက်ဆံရေးကို ဖြစ်ထွန်းစေခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ဖွံ့ဖြိုးမှု၌ အဓိကကျသည့် ဝိသေသ လက္ခဏာတစ်ရပ်သည် နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ အပြန်အလှန်သွားရောက်လည်ပတ်မှုများရှိခဲ့သည်။

နှစ်ပေါင်းများစွာအတွင်း မြန်မာ–တရုတ်နှစ်နိုင်ငံခေါင်းဆောင်များသည် အပြန်အလှန်လည်ပတ်တွေ့ဆုံခဲ့ကြသည့် အစဉ်အဆက် ထိန်းသိမ်းခဲ့ကြသည်။

ဤကဲ့သို့ နှစ်ဖက်ခေါင်းဆောင်များအပြန်အလှန်လည်ပတ်ခဲ့ခြင်းသည် မြန်မာ–တရုတ်နှစ်နိုင်ငံအကြား အစဉ်အလာကောင်းပြီး အိမ်နီးချင်းကောင်းပီသသည့် ချစ်ကြည်ရင်းနှီးမှုစဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန် ခိုင်ခံ့သည့်အခြေခံကောင်းများဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုအခွန့်ရှည်၍ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်းများအဖြစ် အစဉ်ရပ်တည်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၅-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း–၉)
၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **ကောင်းခြင်းခု သည့်အချိန်ခါ** လွင်မိုး၊ နန္ဒာလှိုင်၊ လှဥ္စလီတင့် (ဒါရိုက်တာ–ကုသိုလ်)
၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း–၄၀)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ **စားဖိုဆောင်ချစ်သူ**
၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း–၁၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း–၅၃)
၂၄။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း–၃၂)

၆-၆-၂၀၁၀ (တနင်္ဂနွေနေ့)

၀၁:၁၅ ၁။ World Cup National Team Friendaly ဘောလုံးပွဲ (Live) **Switzerland Vs Italy**

လင်းရောင်ခြည်စာကြည့်တိုက် လှိုင်းဘွဲ့မြို့၌ဖွင့် ရုပ်မြင်သံကြားပြစက်နှင့် စာစောင်များလှူဒါန်း

လှိုင်းဘွဲ့ ဇွန် ၄

လှိုင်းဘွဲ့မြို့နယ် ပတ်ကျောကျေးရွာတွင် လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ရက် မွန်းလွဲ ၂နာရီခွဲက စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်သက်မောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် လှိုင်းဘွဲ့မြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူသီက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ဂျာနယ်မျိုးစုံ စောင်ရေ ၁၅၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဦးဆွေငြိမ်းက လက်ခံယူသည်။ **(အောက်ပုံ)**

(မြို့နယ်/ပြန်ဆက်)

လာရောက်တွေ့ဆုံ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Cho Byungjae** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်းအား ကိုရီးယားသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byungjae သည် ယမန်နေ့ နံနက် ၇ နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံစက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၃၀ရက်က ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ ကျုံးအကျိုးတော်ဆောင်အဖွဲ့နှင့် မြို့မိမြို့ဖများ ကြီးကြပ်ပါဝင်လျက် မြကန်သာကျုံးကို စက်ယန္တရားဖြင့် ပြန်လည်တူးဖော်ခြင်း၊ ကန်ပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၄

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၂)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် ဇွန် ၄ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ

(၂) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (National Democratic Party for Development)

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၃၂)ပါတီအနက် ပါတီ(၃၁)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးလုပ်ငန်းများသည် ကျယ်ပြန့်များပြားသည့်အလျောက် ထိတွေ့ဆက်ဆံရသည့် ပြည်သူလူထုနယ်ပယ်မှာလည်း ကျယ်ဝန်း

ပြည်သူတို့၏ လိုအပ်ချက်များကို စည်းကမ်းဘောင်အတွင်းမှ ဖြည့်ဆည်းပေး

နေပြည်တော် ဇွန် ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ဇွန် ၄ရက် နံနက် ၁၀နာရီတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး အကောင်းဆုံး စံပြဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးရှုဆောင်ရွက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးအဖွဲ့များသည် ဒေသနေပြည်သူများ၏ လူမှုဘဝအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူဆောင်ရွက်ပေးရင်း မိမိမြို့ရွာဒေသများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စည်းကမ်းစနစ်ကျနသော လူမှုပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် အစဉ်အမြဲ ရှေးရှုဆောင်ရွက်ပေးကြရတဲ့ အဖွဲ့အစည်းများဖြစ်ကြောင်း။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားစီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ဘဏ္ဍာရေးနှစ်အထိ နှစ် (၃၀) နှစ်ရှည်စီမံကိန်းအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဆောင်ရွက်ပေးနိုင်ခဲ့

၁၉၈၈ခုနှစ်မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အထိ ကျေးလက်နှင့်မြို့ပြ လမ်း၊ တံတားများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ ကျေးလက်လမ်း ၃၀၉၆၁မိုင်၊ ကျေးလက်တံတား ၇၃၃၄စင်းနှင့် မြို့ပြလမ်း ၅၆၁၅မိုင်၊ မြို့ပြတံတား ၃၇၆၁စင်း၊ ကျေးလက်နှင့် မြို့ပြလမ်း စုစုပေါင်း ၃၆၅၇၆မိုင်နှင့် တံတားစုစုပေါင်း ၁၁၀၉၅စင်းတို့ကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့်ရန်ကုန်တိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် လမ်းအရှည်မိုင် ၄၀၀ ၁ဖာလုံရှိပြီး အခြားဌာနများပိုင် လမ်းအရှည် ၇၃မိုင် ၄ဖာလုံရှိသည့်အတွက် စည်ပင်သာယာရေးဦးစီးဌာနမှ လမ်းအရှည် ၃၂၆မိုင် ၅ဖာလုံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အထိ လမ်းအရှည် ၃၂၆မိုင် ၅ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၄မိုင်ကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အလားတူ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဖြတ်သန်းဖောက်လုပ်သော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သည် လမ်းအရှည် ၄၆၂မိုင်ရှိပြီး အခြားဌာနပိုင်လမ်း အရှည် ၁၉၆မိုင် ၇ဖာလုံရှိသည့်အတွက် စည်ပင်သာယာရေးဦးစီးဌာနမှ လမ်းအရှည် ၂၆၅မိုင် ၁ဖာလုံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းလမ်းများအနက် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အထိ ကတ္တရာလမ်း ၁၄၈မိုင် ၅ဖာလုံ၊ ကျောက်ချောလမ်း ၂၁၄ မိုင် ၄ဖာလုံတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ထို့အပြင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့ကို ဆက်စပ်ဖောက်လုပ်နေသော ခရိုင်ချင်းဆက်လမ်း အမှတ်(၃)သည် လမ်းအရှည် ၃၃၉မိုင် ၇ဖာလုံရှိပြီး အခြားဌာနပိုင် လမ်း ၁၆မိုင် ၃ဖာလုံရှိသည့်အတွက် စည်ပင်သာယာရေးဦးစီးဌာနမှ လမ်းအရှည် ၃၂၃မိုင် ၄ဖာလုံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းကို ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ မြေသားလမ်း ၁၄၉မိုင် ၃ဖာလုံ၊ ကျောက်ချောလမ်း မိုင် ၇၀ ၃ဖာလုံ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပေးအပ်ချီးမြှင့်ခဲ့

စည်ပင်သာယာရေးအဖွဲ့များ တာဝန်ယူရသည့် မြို့ပြများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် မြို့ပြအင်္ဂါရပ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ မြို့ကြီးများကဲ့သို့ စနစ်ကျသည့် မြို့ပြများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် မြို့ပြနှင့် ကျေးလက်ဒေသများ၏ သန့်ရှင်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး စည်ပင်သာယာရေးအဖွဲ့များ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အဆင့်ဆင့် စိစစ်အကဲဖြတ်ပြီး အကောင်းဆုံးစံပြ မြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံး မြို့နယ်ဆု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအကောင်းဆုံး မြို့နယ်ဆု စသည့်ဆုအသီးသီးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၄ ခုနှစ်ကစပြီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြသာယာလှပရေး အကောင်းဆုံးမြို့နယ် ပထမဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြိုးစားအားထုတ်

ယခုလို ဆုများပေးအပ်ချီးမြှင့်ပေးနေခြင်းသည် စည်ပင်သာယာရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ် မှတ်ကျောက်တင် တိုင်းတာပေးနေခြင်းဖြစ်သကဲ့သို့ ပြည်သူ့အကျိုးပြု စည်ပင်သာယာရေးလုပ်ငန်းရပ်များတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကောင်းသောယှဉ်ပြိုင်ခြင်းနှင့် ပိုမိုတိုးတက်မှုရှိအောင် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်နိုင်ကြစေရန်ဖြစ်ကြောင်း။

ထို့ကြောင့် ဆုရရှိသည့် မြို့နယ်များအနေနှင့် မိမိတို့အရည်အသွေးနှင့် စွမ်းဆောင်ချက်များ ကျမသွားစေရန်နှင့် ပိုမိုတိုးတက်မှုရှိအောင် ဆက်လက် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆုမရရှိသေးသည့် မြို့နယ်များအနေနှင့်လည်း ဆုရရှိသည့် မြို့နယ်များကို အတုယူစံထားပြီး ပိုမိုသာလွန်ကောင်းမွန်သည့် မြို့နယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဖြည့်ဆည်းဆောင်ရွက်ပေး

စည်ပင်သာယာရေးလုပ်ငန်းများသည် ကျယ်ပြန့်များပြားသည့်အလျောက် ထိတွေ့ဆက်ဆံရသည့် ပြည်သူလူထုနယ်ပယ်မှာလည်း ကျယ်ဝန်းသဖြင့် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် အခွင့်အာဏာပြခြင်း၊ မောက်မာစွာ ဆက်ဆံခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ မမှန်မကန်ဆောင်ရွက်ခြင်းတို့ကို ရှောင်ကြဉ်ပြီး ပြည်သူတို့၏ လိုအပ်ချက်များကို စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း စသည်ဖြင့် မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီး ဦးသိန်းညွန့်က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့ပြသာယာလှပရေး အကောင်းဆုံးမြို့နယ် ပထမဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်း ပြင်ဦးလွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံး မြို့နယ်ပထမဆုရ မွန်ပြည်နယ် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အကောင်းဆုံး စံပြမြို့နယ် ပထမဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စည်ပင်သာယာရေး အဖွဲ့၊ ဒုတိယဆုရ မွန်ပြည်နယ် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖတ်ကြားတင်သွင်းခဲ့သည့် ၂၀၀၉-၂၀၁၀ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို အတည်ပြုသည်။

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရှေ့လုပ်ငန်းစဉ် (၁၂) ရပ်အား ဖတ်ကြားတင်သွင်းရာ အစည်းအဝေးက ဆုံးဖြတ်အတည်ပြုပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် အကောင်းဆုံးမြို့နယ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က)	ဦးဝင်းမြင့်	ညွှန်ကြားရေးမှူးချုပ် စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ)	ဦးမျိုးအောင်	ညွှန်ကြားရေးမှူးချုပ် မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်း ညွှန်ကြားမှုဦးစီးဌာန အမှတ်(၂)စက်မှုဝန်ကြီးဌာန
(ဂ)	ဒေါက်တာချာလီသန်း	ပါမောက္ခချုပ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပို့ဆောင်ရေးဝန်ကြီးဌာန
(ဃ)	ဒေါက်တာတင်မင်း	ပါမောက္ခချုပ် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(င)	ဒေါက်တာသန်းဝင်း	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာအောင်ကျော်စိုး အထွေထွေမန်နေဂျာ(စီမံကိန်း) မြန်မာ့အထည်အလိပ်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့အထည်အလိပ်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ)	ဦးကျော်လင်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သာယာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ **ဆည်ရေလှျံလှျံ ကန်ဒေါင့်ရေလျှောင်တမံ**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ **ရင်နှစ်ပန်းတို့လန်းစေချင်**
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်း သတင်းစဉ်
၁၂း၁၅ ၅။ Yan Can Cook
၁၂း၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၁၃)
၁၃း၃၀ ၇။ **နှစ်သက်ဖွယ်ရာပရိဘောဂ လုပ်တဲ့မြန်မာ့သစ်မာ**
၁၃း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃း၅၀ ၉။ **ပြောင်းလဲနေသောကမ္ဘာ့ ရာသီဥတုအခြေအနေများ** (ကိုယ်ချင်းစာ)
၁၄း၀၀ ၁၀။ **ပြည်သူ့နီတိ** ပြေတီဦး၊ခင်ဇာခြည်ကျော်၊ (ဒါရိုက်တာ-ခင်ဇော်)
၁၄း၃၅ ၁၁။ အတီးပြိုင်ပွဲ
၁၄း၅၀ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL CUP (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇွဲကပင်ယူနိုက်တက် F.Cနှင့် ဧယျာရွှေမြေ F.C)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ **အလှရှာမယ်လှကမ္ဘာဝယ်**
၆း၃၅ ၆။ **ယဉ်တစ်ကိုယ်မယ်** စုနန္ဒာအောင် (ဒါရိုက်တာ-ခေတ်ဘုန်းမို)
၆း၅၅ ၇။ **ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု**
၇း၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၁၃)
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၀)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၃)
၁၄။ ဂီတတံခါးလေးဖွင့်ပါဦး

အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးညီလာခံ အမေရိကန်နှင့် ဗြိတိန်ထောက်ခံ

ကဘူးလ် ဇွန် ၄

အာဖဂန်နစ္စတန် အမျိုးသားငြိမ်းချမ်းရေးညီလာခံကို အမေရိကန်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့က ထောက်ခံကြောင်း အာဖဂန်သမ္မတနန်းတော်က ဇွန် ၂ရက်တွင် သတင်းထုတ်ပြန်သည်။

ငြိမ်းချမ်းရေးညီလာခံက အာဖဂန်နစ္စတန်နိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးကို ဦးတည်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်က သမ္မတ ဟာမစ်ကာဇိုင်းအား ဇွန်၁ရက်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

အလားတူ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း စစ်ပွဲကြောင့် ဖရိုဖရဲဖြစ်နေသည့် အာဖဂန်နစ္စတန်နိုင်ငံ၏ ထာဝရငြိမ်းချမ်းမှုရရှိရေးအတွက် အဆိုပါငြိမ်းချမ်းရေးညီလာခံကို ဗြိတိန်အစိုးရက ထောက်ခံပါကြောင်း ဆက်သွယ်ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးတာလီဘန်တို့နှင့် ပြန်လည်သင့်မြတ်ရေးအတွက် သုံးရက်တာကျင်းပသည့် ငြိမ်းချမ်းရေးညီလာခံ၌ လူမျိုးစုခေါင်းဆောင်များ၊ လူမှုရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများနှင့် အစိုးရရုံးအဖွဲ့များမှ ကိုယ်စားလှယ်ပေါင်း ၁၆၀၀ခန့် တက်ရောက်ကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဂျပန်ဝန်ကြီးချုပ်သစ် နာအိုတိုကန်

ဘဏ္ဍာရေးဝန်ကြီး နာအိုတိုကန်အား ဂျပန်ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်

တိုကျို ဇွန် ၄

ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမ ရာထူးမှ နုတ်ထွက်ပြီးနောက် ဂျပန်နိုင်ငံအာဏာရပါတီက ဘဏ္ဍာရေးဝန်ကြီး နာအိုတိုကန်အား ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

ရရှိ

မစ္စတာကန်မှာ ဂျပန်ဒီမိုကရက်တစ်ပါတီဝင် အမတ် ၄၂၀ အနက် ၂၉၁ဦး၏ ထောက်ခံမှုဖြင့် ဝန်ကြီးချုပ်ရာထူးကို ရရှိလိုက်ခြင်းဖြစ်သည်။ သူ၏ တစ်ဦးတည်းသောပြိုင်ဘက် အောက်လွှတ်တော်အမတ် တာရူတိုကိုမှာ ထောက်ခံမဲ ၁၂၉မဲသာ ရရှိသည်။

အတည်ပြု

ဂျပန်ပါလီမန်က မစ္စတာကန်အား ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ဇွန် ၅ရက် **(ယနေ့)**တွင် အတည်ပြုပေးမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက် ကမ္ဘောဒီးယားနှင့်အင်ဒို လက်မှတ်ရေးထိုး

ဖနောင်ပင် ဇွန် ၄

ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံအတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို ယင်းနှစ်နိုင်ငံက ဇွန် ၂ရက်တွင် လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုး

ပြည်ဝင်ခွင့် ဗီဇာကင်းလွတ်မှုက နှစ်နိုင်ငံသို့ ခရီးသည် အများအပြားလာရောက်ရန် လမ်းပွင့်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားပြည်သူများအနေဖြင့်လည်း အင်ဒိုနီးရှားသို့ မြန်မြန်ဆန်ဆန် ရောက်ရှိနိုင်မည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး နာတယ်ဂါဝါ၊ ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် နမ်ဟွန်တို့က သဘောတူညီချက် လက်မှတ်ရေးထိုးအပြီး ပြောကြားသည်။

မိမိ၏နိုင်ငံက အရှေ့တောင်အာရှရှိ နိုင်ငံအားလုံးနှင့် ပြည်ဝင်ခွင့် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူညီချက်များကို ဆက်လက်လက်မှတ်ရေးထိုးရန် မျှော်လင့်ထားသည်ဟု နမ်ဟွန်ကပြောကြားသည်။ **(အင်တာနက်)**

အလုပ်လက်မဲ့နှုန်း မြင့်မားမှု ကိုယ်ကျိုးစီးပွားဝါဒ၏ အကြောင်းရင်းဖြစ်

ဂျီနီဗာ ဇွန် ၄

အလုပ်လက်မဲ့နှုန်းကြီးထွားလာမှုက ကမ္ဘာ့စီးပွားရေးအတွက် ခြိမ်းခြောက်မှုအန္တရာယ် ပိုမိုများပြားလာစေပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို အားပေးသလိုဖြစ်လာကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) အကြီးအကဲက ဇွန်၂ရက်၌ ပြောကြားသည်။

အကြောင်းရင်း

အလုပ်လက်မဲ့ပြဿနာသည် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ၏ အကြောင်းရင်းဖြစ်သည်ဟု ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ပတ်စကယ်လာမီက ပြင်သစ်ငွေကြေးဆိုင်ရာ သတင်းစာတစ်စောင်သို့ ပြောကြားသည်။

ခန့်မှန်းထား

အလုပ်လက်မဲ့ပြဿနာသည် ဆိုးရွားသည်ထက် ဆိုးရွားလာပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကဏ္ဍများတွင်ဖြစ်သည်ဟု ၎င်းကသတိပေး ပြောကြားသည်။ ကမ္ဘာ့တစ်ဝန်းအလုပ်လက်မဲ့နှုန်းသည် ၂၀၁၀ခုနှစ်တွင် ဆက်လက်မြင့်မားနေဆဲဟု နိုင်ငံတကာအလုပ်သမားရုံးက ခန့်မှန်းထားသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့သိပ္ပံပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တည်ဆောက်ထားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသကြည့် မှန်ပြောင်းပုံစံငယ်ကို ဇွန်၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)



ပုံးထောင်သူစစ်သွေးကြွလေးဦး ပုံးပေါက်ကွဲသေဆုံးကြရ

ကဘူးလ် ဇွန် ၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူးလ်ပြည်နယ်၌ ဇွန်၃ရက်က တာလီဘန် စစ်သွေးကြွများထောင်သည့် မြေမြှုပ်ဗုံးပေါက်ကွဲသဖြင့် ဗုံးထောင်သူ စစ်သွေးကြွလေးဦးစလုံး သေဆုံးကြသည်ဟု ပြည်နယ်အုပ်ချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းနေ့ နံနက်စောစောပိုင်းက ရှာဂျိုရီဒေသ၌ လမ်းဘေးဗုံးထောင်စဉ် ပေါက်ကွဲခြင်းဖြစ်ပြီး စစ်သွေးကြွလေးဦးစလုံး ပွဲချင်းပြီးသေဆုံးကြရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပစ်မှတ်ထား

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကျင်းပသည့်အာဖဂန် ငြိမ်းချမ်းရေးညီလာခံကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွန်ဖရင့်စင်တာ

အီ သီ ယိုး ပီး ယားနိုင်ငံ အဒစ္စအဘာဘာ မြို့၌ တည်ဆောက်လျက်ရှိသည့် ဥရောပ သမဂ္ဂကွန်ဖရင့်စင်တာ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကို ဇွန်၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဓာတုစက်ရုံမီးလောင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဓာတုစက်ရုံ၌ မီးလောင်နေသည်ကို ဇွန် ၄ရက် နံနက်ပိုင်းက တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီရန်၏နျူကလီးယားဆိုင်ရာကြေညာချက် ဂရိနှင့် ဆွီဒင်နိုင်ငံတို့ ထောက်ခံပြောကြား

စတော့ဟုမ်း ဇွန် ၄

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာကြေညာချက်ကို ထောက်ခံကြောင်း ဂရိဝန်ကြီးချုပ်ပါပန်ဒရီယိုနှင့် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး ကားဘီလစ်တို့က အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီနှင့် ဇွန် ၂ရက်တွင် တယ်လီဖုန်းဆက် ပြောကြားကြသည်။

အီရန်၊တူရကီနှင့် ဘရာဇီးတို့က ဖော်ပြပါနျူကလီးယားကြေညာချက်ကို အီရန်နိုင်ငံ၏မြို့တော် တီဟီရန်တွင် မေ၁၇ရက်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အသုံးပြု

ယင်းကြေညာချက်တွင် အီရန်က ယင်း၏အဆင့်နိမ့်သန့်စင်ပြီး ယူရေနီယံကီလိုဂရမ် ၁၂၀၀ကို တူရကီသို့ တင်ပို့ပေးရန် ဖြစ်ပြီး ဖလှယ်သည့်သဘောအဖြစ် ရာခိုင်နှုန်း ၂၀သန့်စင်ပြီး ယူရေနီယံ နျူကလီးယားလောင်စာ ကီလိုဂရမ် ၁၂၀ကို အီရန်သုတေသနဓာတ်ပေါင်းဖိုအတွက် အသုံးပြုရန်ရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

ပနားမားအလံထူ ကုန်တင်သင်္ဘော အေဒင်ပင်လယ်ကွေ့၌ အပိုင်စီးခံရ

မိုဂါဒစ်ရှူး ဇွန် ၄

အေဒင်ပင်လယ်ကွေ့၌ ပနားမားအလံ လွှင့်ထူထားသည့် ကုန်တင်သင်္ဘောကို ဆိုမာလီဓားပြများက အပိုင်စီးသွားကြောင်း (အီးယူ)ရေတပ်မှ ဇွန် ၃ရက်က ပြောကြားသည်။

သတင်းထုတ်ပြန်

အဆိုပါ သင်္ဘောပေါ်တွင် ဘင်္ဂလားဒေ့ရှ်၊ ဂါနာ၊ အီဂျစ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ သင်္ဘောသား ၂၄ဦး လိုက်ပါလျက်ရှိသည်ဟု မီဒီယာက သတင်းထုတ်ပြန်သည်။

ပြောကြား

လက်နက်ကိုင်ဆောင်ထားသည့် ပင်လယ်ဓားပြတစ်စုက ယင်းသင်္ဘောပေါ်သို့တက်ကာ အပိုင်စီးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အမ်ဗွီအက်စ်အမ်ဒူဘိုင်း သင်္ဘောပိုင်ရှင်က ဇွန် ၂ရက်စောစောပိုင်းတွင် သတင်းပေးပို့သည်ဟု (အီးယူ)ရေတပ်က ပြောကြားသည်။

အပိုင်စီး

ဘရာဇီးနိုင်ငံမှ ကုန်တန်ချိန် ၁၅၂၂၀တင်ဆောင်လာသည့် ယင်းကုန်တင်သင်္ဘောသည် အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီကမ်းရိုးတန်းတစ်လျှောက် မောင်းနှင်လာစဉ်အတွင်း ၃၅နိုင်ငံမှ စစ်သင်္ဘောများ ကင်းလှည့်တာဝန်ထမ်းဆောင်နေသည့်ကြားမှပင် ဆိုမာလီပင်လယ်ဓားပြများ၏ အပိုင်စီးခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

ဒါကာမြို့၌ ဓာတုစက်ရုံပေါက်ကွဲ ၁၀၄ ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

ဒါကာ ဇွန် ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဇွန် ၃ရက် ည ၉နာရီ မိနစ်၂၀ခန့်က ဓာတုစက်ရုံ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ လူပေါင်း ၁၀၄ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသည်ဟု ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့က ဒဏ်ရာရရှိသူများအား ဒါကာမြို့ရှိ ဆေးပညာကောလိပ်ဆေးရုံသို့ ချက်ချင်းပို့ဆောင်လျက်ရှိပြီး သေဆုံးသူများ ထပ်မံတိုးလာဖွယ်ရှိသည်ဟု ဆိုသည်။

ကူးစက်လောင်ကျွမ်း

ယင်းဖြစ်ပွားမှုသည် လျှပ်စစ်ဓာတ်အားပေးရုံ၊ ဒေသခံလူနေအိမ်များနှင့် အဆောက်အအုံများကို ကူးစက်လောင်ကျွမ်းခဲ့သည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အစ္စရေးဖမ်းထားသည့် လက်ဘနွန်လေးဦး ပြန်လွှတ်မြောက်လာ

တဲလ်အဗစ် ဇွန် ၄

အစ္စရေးက ဂါဇာကမ်းမြောင်မှ ပါလက်စတိုင်းတို့အား အကူအညီပေးမည့် သင်္ဘောအုပ်စုအား တိုက်ခိုက်ခဲ့ပြီး ထိန်းသိမ်းထားသည့် လက်ဘနွန်နိုင်ငံသားလေးဦးအား နာကူရာနယ်စပ်တစ်နေရာတွင် ဇွန်၁ရက်က ပြန်လွှတ်ပေးလိုက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံရေးပါတီများမှ လက်ဘနွန် နိုင်ငံသားအုပ်စုများသည် သတင်းစာဆရာ နှစ်ဦးအပါအဝင် ပြန်လွှတ်လာသူလေးဦးအား ဇွန်၂ရက်နှောင်းပိုင်းက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အင်တာနက်)**

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၇၁/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ (၇)ရပ်ကွက်၊ ဘားအံ-ထုံးအိုင်လမ်း၊ မိုးကယ်ဘုန်းကြီးကျောင်းအနီးတွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီအား ၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၄ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၀) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၇၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ(National Democratic Party for Development) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၂၀၂/၂၀၆)၊ (၄လွှာ-ဘယ်)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (National Democratic Party for Development) အား ၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၄ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (National Democratic Party for Development) ၏ မှတ်ပုံတင်အမှတ်မှာ (၃၁)ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❐ ရှေ့ဖုံးမှ

ထို့နောက် နှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အစီအစဉ် ဒုတိယပိုင်းကို ကျောင်းဆောင်သစ်ရှိ စုဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူးက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မက်(စ်)မြန်မာကုမ္ပဏီအုပ်စုက အထက(ရေကြည်)နှင့် မြို့မအခြေခံပညာအထက်တန်း ကျောင်းခွဲသို့ ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တိုးတက်မြင့်မား

ဆက်လက်၍ ရေကြည်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ရေကြည်ဆန်၊ စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်က ၂၀၁၀-၂၀၁၁ခုနှစ် မိုးစပါးရာသီ၌ ကုမ္ပဏီနှင့် အကျိုးတူဆောင်ရွက်မည့် တောင်သူများအား သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံတောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဂုဏ်ပြုလက်ဆောင်များ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ၂၀၁၀-၂၀၁၁ခုနှစ် မိုးစပါးစိုက် တောင်သူများအား စိုက်ပျိုးစရိတ်၊ မျိုးစပါး၊ သွင်းအားစုနှင့် လယ်ယာသုံး စက်ကိရိယာများကို လည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ကြသည်။

ရှင်းရှင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ခန်းမအနီး ခင်းကျင်းပြသထားသည့် သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ငသိုင်းချောင်းမြို့ ငဝန်ရပ်ကွက် ဇောဓိကျေးရွာအနီး ငဝန်မြစ်ကမ်းတာ ပြန်လည်ပြုပြင် ထိန်းသိမ်းမှုအခြေအနေများနှင့် ရေကြီးရေလျှံမှု ဖြစ်ပွားနိုင်သည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ကျင်းပသည့် မြစ်ဝကျွန်းပေါ်(ကျုံပျော်) ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်က ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးရာသီ၌ ကုမ္ပဏီနှင့် အကျိုးတူဆောင်ရွက်မည့် တောင်သူများအား သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးစိုက် တောင်သူများထံ စိုက်ပျိုးစရိတ်၊ မျိုးစပါး၊ သွင်းအားစုနှင့် လယ်ယာသုံး စက်ကိရိယာများကို လည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သွင်းအားစုများနှင့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၄

သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့(World Environment Day-WED) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP)မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Mr. Shin Imai၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr.Bishow B .Parajuli က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပြီး ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP)အမှုဆောင် ညွှန်ကြားရေးမှူး Mr. Achim Steiner ၏ သဝဏ်လွှာဖတ်ကြားပုံကို ဗီဒီယိုဖြင့် ပြသသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီး ဦးသိန်းအောင်က ၂၀၁၀ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပထမဆုရ ဒေါက်တာ ဝါဝါမောင်၊ ဒုတိယဆုရ ဒေါက်တာခင်ချောစုကြည်၊ တတိယဆုရ ဦးစိုးမြင့်(ဖိုးရာဇာ-သာစည်)နှင့် အထူးဆုရရှိကြသော ဒေါက်တာလှဖေ၊ ဒေါက်တာကြူကြူဝင်းနှင့် ဦးမင်းစိုးသူရတို့အားလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က အလွတ်တန်းစာစီစာကုံးပြိုင်ပွဲ ပထမဆုရ မလင်းသန္တာသက်၊ ဒုတိယဆုရ မောင်ကောင်းကင်ဦးနှင့် တတိယဆုရ မနန်းသစ္စာတို့အားလည်းကောင်း၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B.Parajuli က အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် အထူးဆုရရှိကြသော မစပ်ဆွယ်ပိုးကစ်ဖိုလ်၊ မသဲသန္တာဝင်းနှင့် မသီတာထက်တို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီးများနှင့် ဆုရရှိသူများသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သဝဏ်လွှာဖတ်ကြား

ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr. Bishow B.Parajuli က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသည့် ဆုရဆောင်းပါးနှင့် စာစီစာကုံးစာမူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် စပ်လျဉ်းသည့် ပိုစတာများ၊ ဓာတ်ပုံများနှင့် စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရတနာ-ရန်ကုန် ၂၄လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းအူကြောင်းပြမြေပုံ။

* *ကျောဖုံးမှ*

ဤလိုအပ်ချက်ကို ကြိုတင်သိမြင်ခဲ့သော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၀၉ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့မြေမှ ရန်ကုန်မြို့သို့ ၂၄ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ပိုက်လိုင်းလမ်းကြောင်း တိုင်းထွာခြင်း (Pipeline Route Survey)

၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့မြေမှ ဖျာပုံခရိုင် ဒေါငြိမ်းကျေးရွာသို့ ၉၄မိုင်ခန့် ပင်လယ်ရေမျက်နှာပြင်အောက် ပင်လယ်ကြမ်းပြင်ပေါ်တွင် တည်ရှိနေမည်ဖြစ်သည်။ ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့မြေမှ ဖျာပုံခရိုင် ဒေါငြိမ်းကျေးရွာသို့ ပိုက်လိုင်းလမ်းကြောင်း တိုင်းထွာခြင်း (Pipeline Route Survey) လုပ်ငန်းကို မလေးရှားနိုင်ငံ TL Geohydrographic Company နှင့် မြန်မာနိုင်ငံသားပိုင် SMART Technical Services Company တို့က ၁၇-၃-၂၀၀၉ရက်မှ ၅-၅-၂၀၀၉ရက်အတွင်း အပြီးသတ် တိုင်းထွာခဲ့ပါသည်။

ကုန်းတွင်းပိုင်း ဖျာပုံမြို့နယ်မှ အင်းစိန်ရွာမ ဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းအထိ ၈၅မိုင်ခန့်ရှည်သော ၂၄လက်မ ဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်း တိုင်းထွာခြင်းလုပ်ငန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများက တိုင်းတာခဲ့ပါသည်။

ပိုက်လိုင်းဒီဇိုင်းတွက်ချက်ခြင်း၊ ပိုက်များကို အင်္ဂတေကိုင်ခြင်း

ကမ်းလွန်ပိုက်လိုင်းလမ်းကြောင်း တိုင်းတာရရှိချက်များနှင့် ကုန်းတွင်းပိုက်လိုင်းလမ်းကြောင်း တိုင်းတာရရှိချက်များကို အခြေခံ၍ Singapore နိုင်ငံရှိ Worley Parson ကုမ္ပဏီက ပိုက်လိုင်းဒီဇိုင်း (Pipeline Design)ကို ပုံဖော် တွက်ချက်ခဲ့ပါသည်။

ကမ်းလွန်ပင်လယ်တွင် သွယ်တန်းမည့် ၂၄လက်မ ပိုက်များသည် အလေးချိန် ရရှိရန်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရန်လည်းကောင်း၊ ပိုက်များကို အင်္ဂတေကိုင်ခြင်း (Cement Coating) ပြုလုပ်ရန်လိုပါသည်။ ၂၄လက်မ ပိုက်လိုင်းကို အင်္ဂတေမကိုင်ပါက သဘာဝ ဓာတ်ငွေ့လွှတ်သည့်အခါ ပိုက်သည် (Buoyancy) ဖော့နိုင်သော သတ္တိကြောင့် ပေါ့ပြီး ပင်လယ်ကြမ်းပြင်မှ အပေါ်သို့ တက်လာပါမည်။ ထိုအခါ ပိုက်လိုင်း ကျိုးခြင်း၊ သင်္ဘောများနှင့် တိုက်ခိုက်မိခြင်းတို့ ဖြစ်နိုင်ပါသည်။ ပိုက်များ အင်္ဂတေကိုင်ခြင်း (Cement Coating) လုပ်ငန်းကို အင်ဒိုနီးရှားနိုင်ငံ ဘာတမ်ကျွန်းရှိ Bredero Shaw ကုမ္ပဏီက ဆောင်ရွက်ခဲ့ပါသည်။

ကမ်းလွန်ပိုက်လိုင်းချခြင်းလုပ်ငန်း

၁၄-၁၂-၂၀၀၉ရက်မှ ၁၅-၁-၂၀၁၀ရက်အတွင်း ပိုက်လိုင်းမချမီ အကြိုတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ကမ်းလွန်ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြပါသည်။ ပင်မပိုက်ခင်း သင်္ဘောကြီးများဖြင့် ကမ်းလွန် ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းကို ၂၂-၁ ၂၀၁၀ရက်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ အင်္ဂတေကိုင်ထားသော ပိုက်များကို သင်္ဘောပေါ်တွင် ဂဟေဆော်ခြင်း၊ ဂဟေသား ကောင်းမွန်မှု ရှိ မရှိကို (X-Ray) အိပ်(စ်)ရေး၊ (Ultra Sound) အာလ်ထရာဆောင်းတို့ဖြင့် စစ်ဆေးပါသည်။ ၎င်းနောက် ပိုက်များကို သင်္ဘောနောက်ဘက်မှ ပင်လယ်ကြမ်းပြင်ပေါ်သို့ ကြိုတင်သတ်မှတ်ထားသည့် နေရာအတိုင်း ချရပါသည်။ ပင်မပိုက်ခင်း သင်္ဘောကြီး နှစ်စင်းနှင့်အတူ အထောက်အကူပြု သင်္ဘော ၁၅စင်း သုံးရပါသည်။

ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့ ပလက်ဖောင်းအနီးနှင့် ပင်လယ်ရေနက်သည့်နေရာတွင် ပိုက်လိုင်းချခင်းရသည်မှာ အခက်အခဲမရှိသော်လည်း ဖျာပုံခရိုင် ဒေါငြိမ်းကျေးရွာအနီးရှိ ကမ်းခြေပေါ်သို့ အဝင်တွင်မူ ပင်လယ်ရေတိမ်ခြင်း၊ ငါးဖမ်းပိုက်များကို ကြိုတင်ဖယ်ရှားရခြင်း စသည့် အခက်အခဲများစွာနှင့် ကြုံတွေ့ရပါသည်။ သို့သော်လည်း မြန်မာအင်ဂျင်နီယာများ၏ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် ကမ်းလွန်ပိုက်လိုင်းချခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်းတွင်းပိုက်ဆက်ခြင်းလုပ်ငန်း

ဖျာပုံခရိုင် ဒေါငြိမ်းကျေးရွာရှိ ပိုက်လိုင်းဗဟိုစခန်း (Pipeline Center) မှ ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ တွံတေးတောကြီးတန်း၊ လှိုင်သာယာမြို့နယ်များကိုဖြတ်၍ အင်းစိန်ရွာမ ဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းအထိ ၈၅ ဒသမ ၄၃မိုင်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများက ပိုက်လိုင်းဆက်သွယ်ခဲ့ပါသည်။ ပိုက်လိုင်းများကို ဂဟေဆော်မည့် ဂဟေဆော်ကျွမ်းကျင်ဝန်ထမ်း (Welder)များကို ၂၀၀၉ခုနှစ်ကတည်းက သင်တန်းများပို့ချ၍ စွမ်းရည် မြှင့်တင်ထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပိုက်လိုင်းဂဟေဆက်များ ကောင်းမကောင်းကို NDT Testing ဟု ခေါ်သော (X-ray) အိပ်(စ်)ရေး၊ (Ultra Sound) အာလ်ထရာဆောင်းတို့ဖြင့် စစ်ဆေးသောအခါ အရည်အသွေးမမီသော ဂဟေဆော်အဆက်များ တွေ့ရှိမှု နည်းခဲ့ပါသည်။ Test မအောင်မြင်သော ဂဟေဆက်များကို အောင်မြင်သည်အထိ ပြန်လည်၍ ဂဟေဆော် ပြုပြင်ပါသည်။

ဖျာပုံခရိုင် ဒေါငြိမ်းကျေးရွာရှိ ပိုက်လိုင်းဗဟိုစခန်း(Pipeline Center) မှ အင်းစိန်ရွာမ ဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းသို့ ၂၄လက်မ ပိုက်ဆက်ရာတွင် လှိုင်မြစ်ကို နှစ်ကြိမ်၊ ပန်းလှိုင်မြစ်၊ တွံတေးတူးမြောင်း၊ တိုးမြစ်၊ ဖျာပုံမြစ်၊ ဒေးဒလူမြစ်၊ မြို့ကုန်းချောင်း စုစုပေါင်း မြစ်ချောင်းခုနစ်ခုကို ရှစ်ကြိမ်၊ မြစ်အောက် မှ (Horizontal Directional Drilling)HDD စက်ဖြင့် တူး၍ ဖြတ်ခဲ့ရပါသည်။

HDD စက်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၂၀၀၆ ခုနှစ် မြိုင်ကလေး-ရန်ကုန် လက်မ ၂၀ ပိုက်လိုင်းမချမီ ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ဤစက်မရှိခင်က မြစ်များ၊ ချောင်းများဖြတ်ရာတွင် ပိုက်လိုင်းကို ရေထဲသို့ချ၍ခင်းရသဖြင့် ပိုက်လိုင်းကျိုးခြင်း၊ ပိုက်လိုင်းပေါက်ခြင်းများ မကြာခဏ ဖြစ်ပေါ်ခဲ့ပါသည်။

မြစ်ချောင်းများ၏အောက်မှ ပိုက်လိုင်းဖြတ်ရန်အတွက် ရှေးဦးစွာ မြစ်၏ တစ်ဖက်ကမ်းပေါ်မှနေ၍ HDD စက်ဖြင့် ပုံတွင် ပြထားသည့်အတိုင်း (Pilot hole) လမ်းကြောင်းရှာ တွင်းတူးရပါသည်။ လမ်းကြောင်းရှာ တွင်းတူးပြီးသောအခါ ဖြတ်မည့်ပိုက်လိုင်း၏ အချင်းထက် အနည်းငယ်ကြီးသော (Reamer)တွင်းပေါက်ချဲ့ လွန်ဖြင့် တွင်းပေါက်ကို ချဲ့ရပါသည်။ (Reamer) တွင်းပေါက်ချဲ့လွန်သည် တစ်ဖက်ကမ်းနဖူးသို့ ရောက်သောအခါ မြစ်အောက် တွင်ခင်းမည့် ပိုက်လိုင်းကို (Reamer) ၏ ထိပ်တွင်ချိတ်၍ ပြန်လည်၍ တွင်းတူးစက်ဖြင့် ဆွဲယူလိုက်ရပါသည်။ ဤသို့ဖြင့် ပိုက်လိုင်းသည် မြစ်များ၊ ချောင်းများ၏ အောက်မြေသားထဲတွင် ခင်းပြီးဖြစ်သွားပါသည်။



ပိုက်ခင်းသင်္ဘောပေါ်မှ ပင်လယ်ထဲသို့ ပိုက်လိုင်းချနေစဉ်။



ဤစီမံကိန်းတွင် တိုးမြစ်ကို ဖြတ်သည့်နေရာသည် ၃၅၁၆ပေ တူးခဲ့ရသဖြင့် အရှည်ဆုံးပိုက်လိုင်းဖြတ်သည့် နေရာအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ နောက်ဆုံး မြစ်၊ ချောင်းတူးဖော်မှုဖြစ်သော မြို့ကုန်းချောင်း ၁၉၀၁ ပေအောက်မှ ဖြတ်၍ ၂၄လက်မပိုက်လိုင်းချရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများက ၂၀၁၀ခုနှစ် ဧပြီ ၁ရက်တွင် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။

ဖျာပုံခရိုင် ဒေါငြိမ်းကျေးရွာရှိ ပိုက်လိုင်းဗဟိုစခန်း(Pipeline Center)မှ အင်းစိန်ရွာမဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းအထိ ၈၅ဒသမ ၄၃မိုင်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများက ပိုက်လိုင်းဆက်သွယ်ရာတွင် အောက်ပါယာဉ်နှင့် ယန္တရားများကို အသုံးပြုခဲ့ရပါသည် -

ပိုက်သယ်ရေယာဉ်နှင့်ကမ်းထိုးရေယာဉ်	၁၂စင်း
မြေထိုးစက်	၅စီး
မြေတူးစက်	၂၃စီး
ကရိန်း	၁၄စီး
ပိုက်ခင်းယန္တရား	၁၀စီး
ပိုက်သယ်ယာဉ်	၂၂စီး
ဂဟေဆော်စက်	၄၆လုံး

၂၄လက်မပိုက်လိုင်းမှ ဓာတ်ငွေ့ပို့လွှတ်မည့်နေရာများ

မုတ္တမကမ်းလွန်ရတနာဓာတ်ငွေ့မြေမှ အင်းစိန်ရွာမဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းသို့ဆက်သွယ်သည့် ၂၄လက်မ ပိုက်လိုင်းတည်ဆောက်မှုသည် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သဖြင့် မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။ ဤဓာတ်ငွေ့ ပိုက်လိုင်းသည် -

(၁) **အဓိကအားဖြင့်ရန်ကုန်မြို့ရှိသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်တာဘိုင်စက်ရုံများဖြစ်သော လှော်ကား၊ ရွာမ၊ သာကေတ၊ အလုံသို့လည်းကောင်း၊**

(၂) **သဘာဝဓာတ်ငွေ့သုံး နိုင်ငံပိုင်စက်ရုံများနှင့် စက်မှုဇုန်ရှိ ပုဂ္ဂလိကစက်ရုံများသို့ လည်းကောင်း၊**

(၃) **တောင်ကြီးခရိုင် ပင်းပက်သံမဏိစက်ရုံ၊ သာစည်မြို့နယ် ပြည်ညောင်ဒေသရှိ ဘိလပ်မြေစက်ရုံများ၊ နေပြည်တော်ရှိ (တောင်ဖီလာ၊ ရေနီ၊ မင်းတုန်း)ရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဘိလပ်မြေစက်ရုံများနှင့် အခြားစက်ရုံများအထိ ဖြန့်ဖြူးမည်ဖြစ်ပါသည်။**

တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၁၅၀ကို ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး ပလက်ဖောင်းမှဖိအား ၁၄၀၀ PSI ဖြင့်ပို့လွှတ်၍ ဖျာပုံခရိုင် ဒေါငြိမ်းကျေးရွာ ပိုက်လိုင်းဗဟိုစခန်း(Pipeline Center) မှ ရန်ကုန်သို့ဖိအား ၈၀၀ PSI ဖြင့် ထိန်းချုပ်ဖြန့်ဖြူးမည်ဖြစ်ပါသည်။

ဤ ၂၄လက်မ ပိုက်လိုင်းကြီးသည် နိုင်ငံတကာအဆင့်မီ ၂၄လက်မ ပိုက်လိုင်း ဖြစ်ပါသည်။ နှစ်ပေါင်း ၃၀ခန့်တည်တံ့နေမည့် ပိုက်လိုင်းကြီးဖြစ်ပါသည်။

ဤ ၂၄လက်မပိုက်လိုင်းကြီးကိုတည်ဆောက်ရန် ကမ္ဘာကျော်ရေနံကုမ္ပဏီကြီးတစ်ခုက အမေရိကန်ဒေါ်လာ သန်း ၇၆၀နှင့် အချိန်သုံးနှစ်အတွင်း အပြီးတည်ဆောက်ပေးမည်ဟု ကမ်းလှမ်းဖူးပါသည်။ ယခုစွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၂၇၅သန်းခန့်နှင့် ပြည်တွင်းသုံးငွေ ကျပ်သန်းပေါင်း ၄၁၁၁ သန်းသာ ကုန်ကျခဲ့ပြီး အချိန် ၁၅လအတွင်း တည်ဆောက်နိုင်ခဲ့ပါပြီ။

ဤပိုက်လိုင်းကြီးမှ ပထမဆုံးဓာတ်ငွေ့သည် ကမ်းလွန် ရတနာဓာတ်ငွေ့မြေမှ ရန်ကုန်မြို့ရှိ လျှပ်စစ်တာဘိုင် ဓာတ်အားပေးစက်ရုံများသို့ မကြာမီ ကာလအတွင်း ရောက်ရှိလာပါတော့မည်။

အားလုံးအတွက် မင်္ဂလာသတင်းကောင်းပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ စေတနာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအားလုံး၏ ကြိုးပမ်း အားထုတ်စွမ်းဆောင်မှုများဖြင့် မကြာမီဖွင့်လှစ်နိုင်တော့မည့် ၂၄ လက်မ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြီးသည် ရန်ကုန်မြို့၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်၊ စက်ရုံများ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်များကို အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

5-6 (06).pmd 1 6/5/2010, 3:01 AM

○ *ရှေ့ဖုံးမှ*

ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့မေလ ၁၆ရက်နေ့ ည ၉နာရီ ၃၅မိနစ်မှာ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာမှာ လူ ၂ဦးသေ၊ ၁၂ဦး ဒဏ်ရာရခဲ့ပြီး ငွေသား ၁၃သိန်း၊ ရွှေလက်စွပ် တစ်ကွင်းအပါအဝင် စုစုပေါင်း ၁၄သိန်း ဖိုးခန့်ဆုံးရှုံးခဲ့တဲ့ လူသတ်ဓားပြတိုက်မှု ဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူတွေကို ဖော်ထုတ်ဖမ်းဆီး ရရှိမှုအခြေအနေကို အသိပေးပြောကြားသွားမှာဖြစ်ပါတယ်။ ဧည့်သည်တော်ကြီးများ သိပြီးဖြစ်တဲ့အတိုင်း ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ မီဒီယာအချို့မှာ လွဲမှားစွာ ဝေဖန်ပြောကြားမှုများ ရှိနေတာကြောင့် ဖြစ်ရပ်မှန်ကို အခုလို ရှင်းပြရခြင်းလည်း ဖြစ်ပါတယ်။

ဒီလူသတ် ဓားပြတိုက်တဲ့ ဖြစ်စဉ်အပေါ်မှာ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ တာဝန်သိ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး တရားခံတွေကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့တာဖြစ်ပြီး ဖြစ်စဉ်ကို အကျဉ်းချုံး တစ်ဆင့်ချင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

အကြောင်းကြားခဲ့

ဒီဖြစ်စဉ်ဖြစ်ပွားတာနဲ့တစ်ပြိုင်နက် ဒရယ်လူးရွာက တာဝန်သိ ပြည်သူတွေက လက်ခုပ်ကုန်းရဲစခန်းနဲ့ ကွမ်းခြံကုန်းရဲစခန်းတွေကို အများသုံးတယ်လီဖုန်းက တစ်ဆင့် ဆက်သွယ်အကြောင်းကြားခဲ့ပါတယ်။ ဖြစ်စဉ်ကို သိလျှင်သိချင်း လက်ခုပ်ကုန်း ရဲစခန်းမှူးနဲ့အဖွဲ့၊ ကွမ်းခြံကုန်းမြို့နယ်မှူးနဲ့ အဖွဲ့တို့ဟာ မော်တော်ဆိုင်ကယ်၊ မော်တော်ကားတွေနဲ့ အခင်းဖြစ်ရပ်ကို အမြန်သွားရောက်ကြပါတယ်။ ဒေသတွင်းမှာရှိနေတဲ့ လှုပ်ရှားလုံခြုံရေးတပ်တွေကလည်း အခင်းဖြစ်ရပ်ကို အမြန်လာရောက်ပူးပေါင်းကြပါတယ်။ ဒရယ်လူးရွာဟာ လက်ခုပ်ကုန်းနဲ့ ၉မိုင်လောက်ဝေးပြီး ကွမ်းခြံကုန်းနဲ့ ၁၄မိုင်လောက်ဝေးပါတယ်။ လုံခြုံရေးအဖွဲ့တွေအနေနဲ့ လက်နက်ကိုင် ဓားပြတွေကို အခင်းဖြစ်ရပ်မှာ ဝိုင်းမိခြင်းတော့ မရှိခဲ့ပါဘူး။

နေ့၊ ညမပြတ်ကြိုးပမ်း

ဒီလူသတ်ဓားပြမှုကြီးကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်ပြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးအား အခင်းဖြစ်ရပ်ကို ချက်ချင်းသွားရောက် အခြေပြုစေပြီး ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်/ မြို့နယ် စခန်းများမှ ရဲတပ်ဖွဲ့ဝင်များ၊ ဆက်စပ် တိုင်းနှင့် ပြည်နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်တပ်များ၊ ဒေသခံပြည်သူများရဲ့ ကူညီပံ့ပိုးမှုတွေနဲ့ ဝိုင်းဝန်းဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူးဦးဆောင်တဲ့အဖွဲ့ဟာ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်း၊ ဆုတ်လမ်းတစ်လျှောက် ထက်ကြပ်လိုက်ပါစစ်ဆေးခြင်း၊ ဆက်စပ် တိုင်း/ ခရိုင်များဖြင့် ပေါင်းစပ်ပိတ်ဆို့ခြင်း၊ ကုန်းလမ်း ရေလမ်း ဝင်/ထွက်ပေါက်များ၊ ဆိပ်ကမ်းများကို ရှာဖွေစစ်ဆေးခြင်း၊ မြင်သက်သေ/ ကြားသက်သေများအား စစ်ဆေးခြင်း၊ ပြစ်ချက်ဟောင်းရှိသူများအား စုံစမ်းဖော်ထုတ်ခြင်း စတဲ့ လမ်းကြောင်းပေါင်းစုံ အသုံးချကာ အထူးအမှုစစ်အဖွဲ့များ ဖွဲ့စည်း၍ နေ့၊ ညမပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

ဖော်ထုတ်နိုင်

ကနဦးအဆင့် အခင်းဖြစ်ရပ် စစ်ဆေးရာမှာ လက်နက်ကိုင်ဓားပြများ အသုံးပြုပစ်ခတ်သွားတဲ့ ၇.၆၂×၃၉မမ ကျည်အ ၂တောင့်၊ ၇.၆၂×၃၉မမ ကျည်ခွံ ၁၇ခု၊ M-67 လက်ပစ်ဗုံးပင် ၁ခု၊ လက်ပစ်ဗုံး အစ ၄စ၊ မောင်သောင်းတံဆိပ်ပါ တောဆောင်း ဦးထုပ်စစ်စိမ်းရောင် ၁လုံး၊ ကျားစီးဖိနပ် ၁ရံတို့ကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ သိမ်းဆည်းရမိ ကျည်ဆန်ခွံတွေကို မြန်မာနိုင်ငံမှုခင်းရဲတပ်ဖွဲ့က ကျွမ်းကျင်သူတွေနဲ့ စစ်ဆေးကြည့်တဲ့အခါမှာ ၇.၆၂×၃၉မမ ကျည်ဆန်မျိုးဟာ AK-47 သေနတ်အမျိုးအစားနဲ့ အသုံးပြု ပစ်ခတ်လို့ရတဲ့ ကျည်ဆန်မျိုးဖြစ်ကြောင်း၊ အခင်းဖြစ်ရပ်မှာရရှိတဲ့ ကျည်အ ၁တောင့်နဲ့ ကျည်ခွံ ၉ခုဟာ သေနတ် ၁လက်က ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကျန်ကျည်အ ၁တောင့်နဲ့ ကျည်ခွံ ၈ခုဟာ အခြားသေနတ် ၁လက်နဲ့ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အသုံးပြုခဲ့တဲ့ လက်ပစ်ဗုံးဟာ M-67 လက်ပစ်ဗုံးဖြစ်ကြောင်းဖြင့် ကနဦးအဆင့် ဖော်ထုတ်သိရှိရပါတယ်။ ကျွမ်းကျင်သူတွေရဲ့ ဖော်ထုတ်ချက်အရ လက်နက်ကိုင်ဓားပြအဖွဲ့ဟာ အနည်းဆုံး AK-47 သေနတ် ၂လက်နဲ့ M-67 လက်ပစ်ဗုံး ၁လုံးပါရှိ အသုံးပြု ပစ်ခတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ ဓားပြတိုက်တဲ့ လက်စလက်နရှိသူများ ဖြစ်နိုင်ကြောင်း၊ အစိမ်းရောင် ဝတ်စုံကို စနစ်တကျ ဝတ်ဆင်ထားမှု မရှိကြောင်း၊ မျက်မြင်သက်သေတွေရဲ့ ထွက်ဆိုချက်အရ အသွင်ယူ ဟန်ဆောင်ထားသူများ ဖြစ်နိုင်ကြောင်းနှင့် အင်အားအနည်းဆုံး ၅ဦးခန့် ပါရှိကြောင်းဖြင့် ကနဦးအဆင့် ပုံဖော်ရရှိခဲ့ပါတယ်။ ဖော်ထုတ်ချက်ပေါ် အခြေခံပြီး သက်သေထွက်ချက်များ၊ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖြစ်စဉ်ကို ဖော်ထုတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

> **ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှု မှုခင်းဖြစ်စဉ်နှင့် စပ်လျဉ်းသည့် မြေပုံများ၊ ဓာတ်ပုံများ၊ လက်နက်ခဲယမ်းများ၊ တရားခံများ၏ ဓာတ်ပုံများ ပြသထားသည်ကို တွေ့ရစဉ်။**
> (သတင်းစဉ်)

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ် ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှု မှုခင်းဖြစ်စဉ်နှင့်စပ်လျဉ်းသည့် မြေပုံများ၊ ဓာတ်ပုံများ၊ လက်နက်ခဲယမ်းများ၊ တရားခံများ၏ ဓာတ်ပုံများ ပြသထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အမှုအတွက် ဖြစ်နိုင်ခြေလမ်းကြောင်းများ ဖြန့်ခွဲစုံစမ်း စိစစ်နေစဉ်မှာ ဒေသခံတွေထဲက လက်ထောက်ချနိုင်တဲ့သူ၊ အလားတူ ဖြစ်စဉ်မျိုးတွေနဲ့ ယှဉ်ပါးခဲ့ဖူးတဲ့ ပြစ်ချက်ဟောင်းရှိသူတွေကို ဖော်ထုတ်ရေးအဖွဲ့က ဖော်ထုတ်ခဲ့ရာ ကွမ်းခြံကုန်းမြို့နယ် ကန်လျားရှည်ရွာသား မောင်ဆန်း(ခ)ငဆန်းနဲ့ ဝက်ကိုက်ရွာက သောင်းလွင်(ခ)ဆေးလုံးတို့ ၂ဦးကို မသင်္ကာတရားခံအဖြစ် စတင်သတ်မှတ်နိုင်ခဲ့ပြီး မသင်္ကာတရားခံအဖြစ် ခေါ်ယူမေးမြန်းရာကစလို့ ဒီအမှုကို စတင်ရပ်လုံးဖော်လာနိုင်တာ ဖြစ်ပါတယ်။

အကြမ်းဖျင်းတင်ပြ

မောင်ဆန်း(ခ)ငဆန်းဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်တယ်ဆိုတာ အကြမ်းဖျင်း တင်ပြရရင် အသက် (၅၉)နှစ် ကော့မှူးမြို့နယ် ထန်းတပင်ရွာဇာတိ ပညာအရည်အချင်း ၄တန်းရှိပါတယ်။ ဇနီး ၅ဦးရှိပြီး လက်ရှိ ကွမ်းခြံကုန်းမြို့နယ် ကန်လျားရှည်ရွာမှာ နေထိုင်ပါတယ်။ သူဟာ ၁၉၈၉ ခုနှစ်အတွင်းက ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ခရိုက်ခနိရွာ ဦးသောင်းညွန့်အိမ်နဲ့ ထန်းတပင်ရွာ ဦးပုရဲ့လယ်တဲကို ဓားပြတိုက်ခဲ့လို့ ထောင်ဒဏ် ၉ နှစ်ကျခံခဲ့ရပြီး ၁၉၉၂ခုနှစ်အတွင်းက ရဲဘက်စခန်းမှ ထွက်ပြေးလာခဲ့လို့ ၁၉၉၆ခုနှစ်မှာ ပြန်လည်ဖမ်းဆီးမိပြီး ထောင်ဒဏ်တိုးမြှင့် ချခံခဲ့ရသူဖြစ်ကြောင်းလည်း သိရပါတယ်။ သူဟာ ၁၉၉၈ခုနှစ်အတွင်းက တောင်စွန်း ရင်းငြိမ် ရဲဘက်စခန်းမှာ အခြားရဲဘက်တရားခံ နိုင်ဝင်းဆိုသူကို ပေါက်တူးနဲ့ ခုတ်သတ်တဲ့အတွက် ထောင်ဒဏ် ၇နှစ် ထပ်မံကျခံရသူဖြစ်ပါတယ်။ ၂၀၀၇ခုနှစ် အောက်တိုဘာလအတွင်းက သရက်အကျဉ်းထောင်မှပြန်လွတ်ပြီး ရွာမှာ ပြန်လည်နေထိုင်သူဖြစ်ပါတယ်။ မောင်ဆန်း(ခ)ငဆန်းကို မေလ ၁၉ရက်နေ့ ည ၈နာရီတွင် ဇီးကုန်းကျေးရွာအနီးမှာ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေတဲ့ လှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။

ဖမ်းဆီးရမိတရားခံ မောင်ဆန်း(ခ)ငဆန်းဟာ ဒီဓားပြမှုမှာ ပူးပေါင်းပါဝင်ခဲ့သူဖြစ်ကြောင်း ဝန်ခံထွက်ဆိုပြီးနောက် ဆက်စပ်ပါဝင်သူ ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ရွာက သောင်းလွင်(ခ) ဆေးလုံး ဆိုသူကို ဖော်ထုတ်ရရှိခဲ့ပါတယ်။

ဖမ်းဆီးရမိခဲ့

ပြစ်မှုကျူးလွန်သူ သောင်းလွင်(ခ) ဆေးလုံးဟာ ဖြစ်စဉ်မှာပါဝင်တဲ့ ကျန်ဓားပြအဖွဲ့ဝင်တွေနဲ့ ပုန်းအောင်းတိမ်းရှောင်နေတာကြောင့် ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ရွာမှာရှိတဲ့ သူ့ဇနီးကို စောင့်ကြည့်ရင်း ဇနီးထံ ဆက်သွယ်လာမယ့် အချိန်ကို စောင့်ဆိုင်းခဲ့ပါတယ်။ မေလ ၂၈ရက်နေ့ မွန်းလွဲ ၁၂နာရီခွဲမှာ ဝက်ကိုက်ရွာမှာရှိတဲ့ PCO ဖုန်းကို ဆက်သွယ်မှုယူပြီး သူ့ဇနီးသည်နဲ့ ဆက်သွယ်မှုပြုလုပ်လာပါတယ်။ အဲဒီ ဆက်သွယ်ချက်က တစ်ဆင့် အဆင့်ဆင့် စိစစ်ဖော်ထုတ်ပြီး မေလ ၂၈ရက်နေ့ ညနေ ၃နာရီလောက်မှာ ပဲခူးတိုင်း ဝေါမြို့နယ် ကမာကဘန် ကျေးရွာနေ ကျော်နိုင်ဦးဆိုသူရဲ့တဲမှာ လျှို့ဝှက်ပုန်းအောင်း တိမ်းရှောင်နေတဲ့ သောင်းလွင်(ခ)ဆေးလုံးကို ပဲခူးတိုင်း ရဲတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးရမိခဲ့ပါတယ်။

ဖမ်းဆီးရမိ သောင်းလွင်(ခ) ဆေးလုံးဟာ မွန်ပြည်နယ် သထုံမြို့နယ် ညောင်ကုန်းလေးရွာဇာတိဖြစ်ပြီး ကြိုတင်သုံးသပ်ထားသလို ဒီလိုပြစ်မှုမျိုးတွေမှာ လက်စလက်နရှိသူ တစ်ဦးဖြစ်ပါတယ်။ ၁၉၉၄ခုနှစ် အောက်တိုဘာလခန့်က ပင်လယ်ပြင်အတွင်း စက်လှေ ၃စင်းကို ဓားပြတိုက်ခဲ့မှု၊ လုပ်သေနတ်ကိုင်ဆောင်မှုတို့ဖြင့် ထောင်ဒဏ် နှစ် ၂၀နဲ့ ၆လကျခံခဲ့ရပြီး ၂၀၀၈ခုနှစ် အောက်တိုဘာလအတွင်းမှာ သာယာဝတီထောင်က လွတ်လာခဲ့သူ ဖြစ်ပါတယ်။ ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ရွာမှာ ဇနီးနှင့်အတူ လာရောက်အခြေချ နေထိုင်သူဖြစ်ပါတယ်။ သူဟာ သာယာဝတီထောင်အတွင်း ပြစ်ဒဏ်ကျခံနေရစဉ် လက်နက်မှုဖြင့် ပြစ်ဒဏ် ၁၀နှစ် ကျခံနေရသူ အေးသန်း၊ လုယက်မှု၊ လူသတ်မှုတို့နဲ့ ပြစ်ဒဏ် ၁၀နှစ် ကျခံနေရတဲ့ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်ဆိုသူတို့နဲ့ ခင်မင်ရင်းနှီးခဲ့ကြပြီး ဒီဖြစ်စဉ်မှာ ပူးပေါင်းပါဝင်ခဲ့တာ ဖြစ်ပါတယ်။

ဖော်ထုတ်သိရှိရ

ဖြစ်စဉ်ကို ပြန်ဆက်ရရင် ၅-၄-၂၀၁၀ရက်နေ့မှာ သောင်းလွင်(ခ) ဆေးလုံးရဲ့ အိမ်ကို ထောင်ထဲမှာ ရင်းနှီးခဲ့တဲ့ အေးသန်းနဲ့ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်တို့ ရောက်လာပြီး ဓားပြတိုက်ဖို့ စတင် တိုင်ပင်ခဲ့ကြပါတယ်။ အေးသန်းက သူ့မှာ ဓားပြတိုက်ဖို့ လက်နက်ခဲယမ်းရှိကြောင်းနဲ့ ငွေကြေးအကျိုးအမြတ်များများ ရနိုင်မယ့် အိမ်ကိုရှာဖို့ သောင်းလွင်(ခ) ဆေးလုံးကို တာဝန်ပေးပါတယ်။ သောင်းလွင်(ခ) ဆေးလုံးဟာ ယောက်ဖတော်စပ်သူ ကွမ်းခြံကုန်းမြို့နယ် ပိုးလောင်းရွာ အနောက်စုနေ *စာမျက်နှာ ၈ ကော်လံ ၁ သို့*

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှု မှုခင်းဖြစ်စဉ်နှင့် စပ်လျဉ်းသည့် မြေပုံများ၊ ဓာတ်ပုံများ၊ လက်နက်ခဲယမ်းများ၊ တရားခံများ၏ ဓာတ်ပုံများ ပြသထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

သန်းမောင်(ခ) ညှပ်စိနဲ့ မောင်ဆန်း(ခ) ငဆန်းတို့ရဲ့ အကူအညီပေးမှု၊ သတင်းရယူ ထောက်လှမ်းမှုနဲ့ ဒရယ်လူးရွာ ဒေါ်သိန်းမြင့်ရဲ့အိမ်ကို ပစ်မှတ်အဖြစ် ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဒီအိမ်ဟာ ငွေကြေးချမ်းသာကြွယ်ဝတယ်၊ စပါးသိန်း ရောင်းချထားတာကြောင့် ငွေသိန်း ၂၀၀/၃၀၀ခန့် ရနိုင်ခြေရှိမယ်၊ အိမ်ဟာ ရွာအစွန်နားမှာရှိပြီးတော့ ဝင်လမ်း/ထွက်လမ်း လွယ်ကူမယ်၊ ဒေါ်သိန်းမြင့်ဟာ တစ်ကိုယ်ရေတစ်ကာယသမားဖြစ်ပြီး ယောကျ်ားဖော်မရှိလို့ ခုခံနိုင်မှုမရှိနိုင် စတဲ့ အချက်တွေကြောင့် ဒီအိမ်ကို ပစ်မှတ်အဖြစ် ရွေးချယ်ခဲ့တာဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။

ညှိနှိုင်းတိုင်ပင်

ဓားပြအဖွဲ့ဟာ လုပ်ငန်းအစီအမံတွေကို တိုင်ပင်ပြီးတဲ့နောက် ၂၀-၄-၂၀၁၀ရက်နေ့မှာ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်ဟာ အသေးစိတ်အစီအစဉ် ရေးဆွဲဆောင်ရွက်ဖို့ သောင်းလွင်(ခ) ဆေးလုံးထံရောက်လာပြီး ၄င်းကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်ကလိရွာက ဦးမြင့်ရွှေ၊ ဒေါ်မဲတူရဲ့အိမ်ကို ခေါ်သွားခဲ့ပါတယ်။ အဲဒီအိမ်မှာ အေးသန်းနဲ့ဆုံပြီး အသေးစိတ် အစီအစဉ်တွေ ထပ်မံတိုင်ပင်ကြပါတယ်။ သူတို့ရဲ့ အစီအစဉ်အရ ဓားပြတိုက်ရာမှာ မောင်းပြန်လက်နက်ပါတာကြောင့် တပ်မတော်သား အယောင်ဆောင်ကျူးလွန်ဖို့၊ အေးသန်းရဲ့ တဲအနီး ကောက်ရိုးပုံအောက်မှာ ဝှက်ထားတဲ့ AK -47 သေနတ် ၂လက်နဲ့ M-67 လက်ပစ်ဗုံး ၁လုံးကို ယူဆောင်သွားဖို့၊ အေးသန်းနဲ့ ခင်မင်ရင်းစွဲရှိပြီးဖြစ်တဲ့ မွန်ပြည်နယ် ဘီးလင်းမြို့နယ် မုသင်ရွာက စိုးထုံနဲ့ သထုံမြို့နယ် မရမ်းကုန်းရွာက မြင့်စိုးတို့ရဲ့ စက်လှေကို ငှားရမ်းအသုံးပြုဖို့နဲ့ ဝင်လမ်း/ထွက်လမ်း ဆောင်ရွက်မယ့် အချိန်စတာတွေကို အသေးစိတ် ညှိနှိုင်းတိုင်ပင်ခဲ့ကြပါတယ်။

၁၄-၅-၂၀၁၀ရက်နေ့မှာ လက်နက်ကိုင် ဓားပြအုပ်စုဟာ သူတို့အစီအစဉ်တွေကို အကောင်အထည်ဖော်ဖို့အတွက် စတင်လှုပ်ရှားခဲ့ကြပါတယ်။ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်ကလိရွာကနေ ၂မိုင်ခန့်ဝေးတဲ့ ထန်းပင်ကလိုင်ရွာ ရေဆိပ်ကို ခြေကျင်လာခဲ့ကြပါတယ်။ ကနဦးအဆင့် သူတို့အုပ်စုမှာ အေးသန်း၊ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်၊ သောင်းလွင်(ခ) ဆေးလုံးနဲ့ အေးသန်းဆီမှာ တဲပြင်ပေး

ဖို့ ရောက်နေတဲ့ ခင်မောင်ဝင်း(ခ) မောင်ဝင်းတို့ ၄ဦးပါဝင်ပြီး မြင့်စိုးနဲ့ စိုးထုံတို့ မောင်းနှင်တဲ့ စက်လှေနဲ့ မေလ ၁၄ရက်နေ့ နံနက် ၆နာရီလောက်မှာ ထန်းပင်ကလိုင်ရေဆိပ်က စတင်ထွက်ခွာခဲ့ကြတာ ဖြစ်ပါတယ်။

ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများ ပြသထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

၁၅-၅-၂၀၁၀ရက်နေ့ ညနေ ၅နာရီခန့်မှာ ကွမ်းခြံကုန်းမြို့နယ် သောင်ဖြူရွာ မငွေသန်းလှိုင်သို့ ရောက်ကြပါတယ်။ သူတို့လာရာလမ်းကို ဧည့်သည်တော်ကြီးများ လေ့လာနိုင်အောင် ဘုတ်တွေမှာပြထားပြီး ဖြစ်ပါတယ်။ ဓားပြအဖွဲ့မှ သောင်းလွင်(ခ) ဆေးလုံးနဲ့ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်တို့က မောင်ဆန်း(ခ) ငဆန်းအိမ်ကို သွားရောက်ကြပြီး ဓားပြတိုက်ရမယ့် အိမ်အခြေအနေကို မေးမြန်းကြပါတယ်။ ကျန်တဲ့လူတွေကတော့ စက်လှေပေါ်မှာပဲ နေခဲ့ကြပါတယ်။

နောက်တစ်နေ့ ၁၆-၅-၂၀၁၀ ရက်နေ့ နံနက် ၇နာရီခန့်မှာ သောင်းလွင်(ခ) ဆေးလုံးနဲ့ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်တို့ ၂ဦးဟာ ဓားပြတိုက်သင့်တဲ့ အိမ်ကိုရှာဖွေပေးခဲ့တဲ့ သန်းမောင်(ခ) ညှပ်စိ အိမ်ကို သွားပြီး ဓားပြတိုက်ရမယ့် အိမ်ရဲ့ နောက်ဆုံးအခြေအနေကို မေးမြန်းပြီး အိမ်နဲ့ပတ်ဝန်းကျင် အခြေအနေကို မြေပြင်မှာ လက်တွေ့သွားရောက် ကြည့်ရှုလေ့လာခဲ့ကြပါတယ်။

မှာကြားချိန်းဆို

နယ်မြေခံဖြစ်တဲ့ မောင်ဆန်း(ခ) ငဆန်းကိုတော့ အဲဒီနေ့ည ၇နာရီခန့်မှာ ဘောစကိုင်းရွာအနီး လယ်တဲတွင် စောင့်ဖို့ မှာကြားချိန်းဆိုခဲ့ပါတယ်။ အေးသန်း၊ ခင်မောင်ဝင်းနဲ့ အေးလွင်တို့ ၃ဦးက ပါလာတဲ့ စစ်စိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ကြပါတယ်။ အေးသန်းက သေနတ် ၁လက်နဲ့ ပြောက်ကျားလွယ်အိတ်ထဲမှာ လက်ပစ်ဗုံး ၁လုံးထည့်ယူခဲ့ပြီး ခင်မောင်ဝင်း(ခ)မောင်ဝင်းက သေနတ် ၁လက်ကို ကိုင်ပါတယ်။ သူတို့ ၄ဦး စက်လှေကထွက်ခွာခဲ့ပြီး ချိန်းဆိုထားတဲ့နေရာမှာ မောင်ဆန်း(ခ) ငဆန်းနဲ့ဆုံ၊ ည ၉နာရီ ၁၀မိနစ်မှာ ဒေါ်သိန်းမြင့်အိမ်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ဒေါ်သိန်းမြင့်ခြံဝရောက်တဲ့အခါ အေးသန်းက "ဝါးဘလောက်သောက်ရွာက ကွမ်းစားတင်အေးရှိသလား၊ စစ်ဆေးဖို့ရှိတယ်" လို့ ပြောပြီး ခြံတံခါးဖွင့်ခိုင်းခဲ့ပါတယ်။ စာရင်းငှား သာကျော်နဲ့ ဖိုးထူးတို့က ခြံတံခါး ဖွင့်ပေးတဲ့အခါမှာ အေးသန်းနဲ့ ၄ ဦး ခြံထဲဝင်ခဲ့ပြီး မောင်ဆန်းကတော့ မျက်နှာသိဖြစ်တဲ့အတွက် ခြံအပြင်မှာပဲ စောင့်နေခဲ့ပါတယ်။ သူတို့အဖွဲ့ဟာ စာရင်းငှား သာကျော်နဲ့ ဖိုးထူးကို ကြိုးနဲ့တုပ်ပြီး သောင်းလွင်(ခ) ဆေးလုံးက စောင့်ကြည့်နေပြီး ကျန် ၃ဦးက အိမ်ပေါ်တက်သွားခဲ့ပါတယ်။ ပြီးတော့ အိမ်ရှင် ဒေါ်သိန်းမြင့်ထံက ရွှေ၊ ငွေများ ခြိမ်းခြောက်တောင်းကြလို့ ငွေကျပ်

ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများ၊ အမှုနှင့် သက်ဆိုင်သူ တရားခံများ၏ ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များ ကိုတွေ့ရစဉ်။ (သတင်းစဉ်)

၁၃သိန်း ရရှိချိန်မှာ အိမ်အောက်မှာ ကြိုးတုပ်ခံထားရတဲ့ ဖိုးထူးက လွတ်မြောက် ထွက်ပြေးသွားပြီး "ဓားပြ၊ ဓားပြ" လို့ အော်ဟစ်ခဲ့တာကြောင့် ရွာသား ၃၀ခန့် အခင်းဖြစ်အိမ်နားကို စုရုံးရောက်ရှိလာပြီး ခဲများ၊ လေးခွများဖြင့် ဝိုင်းဝန်းပစ်ခတ်ကြပါတယ်။ အဲဒီအခါမှာ အိမ်ပေါ်မှာရှိတဲ့ ဓားပြ အေးသန်းနဲ့ ၃ဦးဟာ အိမ်အောက်ကို ဆင်းလာတာကြောင့် အိမ်ရှင်က အတွင်းက တံခါးပိတ်လိုက်ပါတယ်။ အေးလွင်(ခ) ကရင်က တံခါးကို ရိုက်ဖွင့်ပြီး ခုတင်ပေါ်မှာ ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထားတဲ့ ကျပ်သိန်း ၃၀ပါ ငွေထုပ် ၂ထုပ်ကို ဆွဲယူပြီး အောက်ထပ်ကို ပြန်ဆင်း၊ အိမ်နဲ့မီးဖိုအကြား ဖြတ်ပြေးစဉ် ရွာသား ၁ဦးက အေးသန်းရဲ့ ဦးခေါင်းကို တုတ်နဲ့ဝင်ရိုက်လိုက်တဲ့အတွက်ကြောင့် အေးသန်း လဲကျသွားပါတယ်။ အေးလွင်(ခ) ကရင်က တုတ်ကို ပြန်လုပြီး ရိုက်တဲ့သူကို ပြန်ရိုက်ပြီး အေးသန်းကို တွဲခေါ်ထွက်ပြေးစဉ်မှာ ခုတင်ပေါ်က ယူလာတဲ့ ငွေထုပ် ၂ထုပ်က ကျကျန်ခဲ့ပါတယ်။ ဓားပြအဖွဲ့ဟာ အိမ်နောက်ဖက်ခြံစည်းရိုးကတစ်ဆင့် ဖောက်ထွက်ပြီး ရွာလယ်လမ်းမအရောက် ရွာလူထုကြီးကလည်းနောက်မဆုတ်ဘဲ ထက်ကြပ်ဝိုင်းအုံ လိုက်လာတာကြောင့် အေးသန်းက လက်ပစ်ဗုံးနဲ့ လူအုပ်အတွင်း ပစ်ခတ်ဖောက်ခွဲခဲ့တဲ့အတွက် ထိခိုက်ဒဏ်ရာရမှုတွေရှိပြီး လူအုပ်ကြီး ခေတ္တ ရပ်တန့်သွားချိန်မှာ ဓားပြအဖွဲ့ဟာ ထွက်ပြေးလွတ်မြောက်သွားခြင်း ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ ရွာသား ၂ဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ ဒဏ်ရာရသူ ၁ဦး ထပ်မံ သေဆုံးခဲ့တဲ့အတွက် သေဆုံးသူ ၃ဦးရှိခဲ့ပါတယ်။ အိမ်ရှင်ထံက ငွေသား ၁၃သိန်းနဲ့ ၁သိန်းခန့်တန် ရွှေလက်စွပ် တစ်ကွင်း စုစုပေါင်း ငွေကျပ် ၁၄သိန်းဖိုးခန့် ပါဆုံးသွားကြောင်း သိရှိရပါတယ်။

အထူးလေးစားစရာ

ဒီနေရာမှာ ကြားဖြတ်ပြောလိုတာက ဒရယ်လူးရွာသားတွေရဲ့ စည်းလုံးညီညွတ်မှုက အထူးလေးစားစရာကောင်းတယ်ဆိုတဲ့ အချက်ပါပဲ။ သူတစ်ပါးပစ္စည်းကို အနိုင့်အထက် လုယူနေတဲ့ လက်နက်ကိုင် ဓားပြတွေကို **ညီညွတ်မှုသည် အင်အား**ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ရပ်သူရွာသားတွေရဲ့ အသိစိတ်ဓာတ်အပြည့်နဲ့ ရဲရဲဝံ့ဝံ့နဲ့ ပြုမူဆောင်ရွက်ခဲ့ကြတာဟာ အတုယူစရာ ဖြစ်ရပ်တစ်ခုလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒေသခံရွာသားတွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် လက်နက်ကိုင် ဓားပြတွေဟာ ငွေကြေးအများအပြားရအောင် တိုက်ယူဖို့တောင် အချိန်မရတော့ဘဲ ရသမျှကိုယူပြီး ကိုယ်လွတ်ရုန်းပြေးခဲ့ရတာတွေ၊ ရွာသားတစ်ဦးဟာ လက်နက်နဲ့ ဓားပြတိုက်နေတဲ့ အိမ်ထဲကို အတင်းဖောက်ဝင်ပြီး သေနတ်ကိုင် ဓားပြတစ်ယောက်ကို ဝင်ရောက်ရိုက်နှက်ခဲ့တာတွေ စတဲ့ အချက်တွေဟာ မိမိရပ်ရွာ လုံခြုံရေးအတွက် မိမိတို့ အသက်ပေး စောင့်ရှောက်သွားမယ်ဆိုတဲ့ ရဲရဲတောက် ဇမာ့စိတ်ဓာတ်ကို ဖော်ပြနေတာဖြစ်လို့ ဒီဖြစ်ရပ်ဟာ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအတွက် အားတစ်ရပ်ဖြစ်စေခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်က ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အနိုင့်အထက် လက်နက်အားကိုးဝင်ရောက်စိုးမိုးလိုတဲ့ အဖျက်သမားတွေကို အကြမ်းဖက်မှုကို မလိုလား၊ တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ ဒေသခံပြည်သူတွေက ခေါင်းငုံ့မခံဘူးဆိုတဲ့အချက်ကို မီးမောင်းထိုးပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများ၊ အမှုနှင့် သက်ဆိုင်သူ တရားခံများ၏ ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များ ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ဖြစ်စဉ်ကို ပြန်ဆက်ရရင် ဓားပြအဖွဲ့ဟာ အခင်းဖြစ်ရွာက ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ကြပြီး ဇီးကုန်းရွာ အနောက်ဘက် ဇရပ်အရောက်မှာ မောင်ဆန်း(ခ) ငဆန်းကို ငွေ ၁သိန်းထုပ် ၁ထုပ်ပေးပြီး လမ်းခွဲလိုက်ပါတယ်။ သောင်းလွင်(ခ) ဆေးလုံး အပါအဝင် ၄ဦးကတော့ စက်လှေဆိပ်ကို ပြန်ဆင်းခဲ့ပြီး လာလမ်းအတိုင်း

ဒေသခံရွာသားတွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် လက်နက်ကိုင် ဓားပြတွေဟာ ငွေကြေးအများအပြားရအောင် တိုက်ယူဖို့တောင် အချိန်မရတော့ဘဲ ရသမျှကိုယူပြီး ကိုယ်လွတ်ရုန်းပြေးခဲ့တာတွေ၊ ရွာသားတစ်ဦးဟာ လက်နက်နဲ့ ဓားပြတိုက်နေတဲ့အိမ်ထဲကို အတင်းဖောက်ဝင်ပြီး သေနတ်ကိုင် ဓားပြတစ်ယောက်ကို ဝင်ရောက်ရိုက်နှက်ခဲ့တာတွေ စတဲ့ အချက်တွေဟာ မိမိရပ်ရွာ လုံခြုံရေးအတွက် မိမိတို့ အသက်ပေးစောင့်ရှောက်သွားမယ်ဆိုတဲ့ ရဲရဲတောက် ဗမာ့စိတ်ဓာတ်ကို ဖော်ပြနေတာဖြစ်လို့ ဒီဖြစ်ရပ်ဟာ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအတွက် အားတစ်ရပ်ဖြစ်စေခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။



ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများ၊ အမှုနှင့်သက်ဆိုင်သူ တရားခံများ၏ ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များကိုတွေ့ရစဉ်။ (သတင်းစဉ်)

ဖြစ်စဉ်ကို ပြန်ဆက်ရရင် ဓားပြအဖွဲ့ဟာ အခင်းဖြစ်ရွာက ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ကြပြီး ဇီးကုန်းရွာအနောက်ဘက် ဇရပ်အရောက်မှာ မောင်ဆန်း(ခ) ငဆန်းကို ငွေ ၁သိန်းထုပ် ၁ထုပ်ပေးပြီး လမ်းခွဲလိုက်ပါတယ်။ သောင်းလွင်(ခ) ဆေးလုံး အပါအဝင် ၄ဦးကတော့ စက်လှေဆိပ်ကို ပြန်ဆင်းခဲ့ပြီး လာလမ်းအတိုင်း ၁၇-၅-၂၀၁၀ရက်နေ့ နံနက် ၅နာရီမှာ ပြန်လည်ထွက်ခွာလာခဲ့ရာ ဘီးလင်းမြို့နယ် ဇုတ်ကလိရွာကို ၁၈-၅-၂၀၁၀ရက်နေ့ ည ၁၂နာရီခန့်မှာ ပြန်လည်ရောက်ရှိကြပါတယ်။ လက်နက်ခဲယမ်းတွေကို ဦးမြင့်ရွှေ၊ ဒေါ်မဲတူတို့အိမ်မှာ ပြန်ဝှက်ထားခဲ့ပါတယ်။ ဓားပြတိုက်လို့ရတဲ့ ငွေ ၁၃သိန်းကို မောင်ဆန်း(ခ) ငဆန်းကို ၁သိန်း၊ မြင့်စိုးနဲ့ စိုးထုံကို စက်လှေခ ၁သိန်းခွဲ၊ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်ကို ၅သောင်း၊ ခင်မောင်ဝင်း(ခ) မောင်ဝင်းကို ၈သောင်းခွဲပေးခဲ့ပြီး ကျန်ငွေ ၉သိန်း ၂သောင်းနဲ့ ရွှေလက်စွပ် ၁ကွင်းကိုတော့ အေးသန်း ယူသွားခဲ့ပါတယ်။ သောင်းလွင်(ခ) ဆေးလုံးက သူ့ကို ဖမ်းမိသွားတဲ့အချိန်အထိ ခွဲတမ်းဝေစု မရသေးဘူးလို့ သိရပါတယ်။ သူတို့အဖွဲ့ဟာ ဇုတ်ကလိရွာကနေပဲ အသီးသီး လမ်းခွဲခဲ့ကြကြောင်း ဖော်ထုတ် သိရှိရပါတယ်။

စစ်ကြောဖော်ထုတ်

ဖြစ်စဉ်ပြီးတဲ့နောက် ဖမ်းဆီးရမိ စစ်ကြော ဖော်ထုတ်ချက်တွေအရ ခင်မောင်ဝင်း(ခ) မောင်ဝင်းကို သထုံမြို့နယ် ကတိုက်ကြီးရွာ ဘုန်းကြီးကျောင်းမှာ လျှို့ဝှက် ပုန်းအောင်း တိမ်းရှောင်နေစဉ် မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးရမိခဲ့ပါတယ်။ ခင်မောင်ဝင်း(ခ) မောင်ဝင်းဟာ ဒီဓားပြမှုဖြစ်စဉ် ကျူးလွန်စဉ်က စစ်စိမ်းရောင်ဝတ်စုံ ဝတ်ဆင်ပြီး AK-47 သေနတ်ကိုင်ဆောင်ကာ ရွာသားများကို ပစ်ခတ်ခဲ့သူ ဖြစ်ပါတယ်။ စက်လှေသမား စိုးထုံကိုတော့ ၂၉-၅-၂၀၁၀ရက်နေ့မှာ ဘီးလင်းမြို့နယ် မုသင်ရွာမှာ မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးရမိခဲ့ပါတယ်။ ဓားပြမှုကျူးလွန်စဉ်က စစ်စိမ်းရောင်ဝတ်စုံ ဝတ်ဆင်ပြီး AK-47 ကိုင်ဆောင်ပါဝင်ခဲ့တဲ့ အေးသန်းကတော့ ထွက်ပြေးတိမ်းရှောင်နေဆဲ ဖြစ်ပါတယ်။ သူဟာ ရွာသားတွေကို သေနတ်၊ လက်ပစ်ဗုံးတွေနဲ့ ပစ်ခတ်ခဲ့သူဖြစ်ပါတယ်။ အေးသန်း၊ အသက် ၆၂နှစ်၊ (ဘ) ဦးဘကြည်ဟာ ဘီးလင်းမြို့နယ် ဇုတ်သုတ်ရွာဇာတိဖြစ်ပြီး ၁၉၈၈ခုနှစ်မှာ တောခိုခဲ့ကာ KNU တပ်မဟာ(၁)မှာ စတင် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တောခိုပြီး ၅လခန့်အကြာမှာ စစ်တောင်းချောင်းဝနဲ့ ပင်လယ်ပြင်အတွင်း ဆက်ကြေးကောက်ယူရေး တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၀ပြည့်နှစ်မှာ ၄င်းဦးစီးအင်အား ၂၅ဦးဟာ လက်နက်ငယ် ၁၆လက်နဲ့ သထုံမြို့ ရှေ့တန်းတပ်မ (၆၆)သို့ အလင်းဝင်ခဲ့ပါတယ်။ ၇-၂-၂၀၀၀ရက်နေ့မှာ မူးယစ်ဆေးဝါး သယ်ဆောင်မှုနဲ့ ဝေါမြို့နယ်မှာ အဖမ်းခံရပြီး ထောင်ဒဏ် ၁၅နှစ် ကျခံခဲ့ရသူ ဖြစ်ပါတယ်။

ဖမ်းဆီးရမိ ခင်မောင်ဝင်း(ခ) မောင်ဝင်းနဲ့ တရားခံပြေး အေးသန်းတို့ဟာ KNU အကြမ်းဖက် သောင်းကျန်းသူ တပ်မဟာ(၁) လက်အောက်ခံ ဗိုလ်မောင်နီရဲ့တပ်ခွဲက တပ်ဖွဲ့ဝင်ဟောင်းတွေ ဖြစ်ပါတယ်။ KNU အကြမ်းဖက် သောင်းကျန်းသူဆိုတာ အတိတ်သမိုင်းမှာရော၊ လက်ရှိ မျက်မှောက်ကာလမှာရော အပြစ်မဲ့ပြည်သူတွေအပေါ် လက်နက်အားကိုး အနိုင်ကျင့်ပြီး အကြမ်းဖက် လူသတ်ဝါဒကို တစိုက်မတ်မတ် လုပ်ဆောင်နေသူတွေဖြစ်တယ်ဆိုတာ ဧည့်သည်တော်ကြီးများ အသိဖြစ်ပါတယ်။ တင်ပြပြီးဖြစ်တဲ့ လူသတ်ဓားပြတိုက်တဲ့ ဖြစ်စဉ်မှာလည်း KNU ရဲ့ မူလစရိုက်နဲ့ အတွင်းသရုပ်ကို ပီပီပြင်ပြင် တွေ့ရမှာ ဖြစ်ပါတယ်။

ဖမ်းဆီးရမိ သောင်းလွင်(ခ) ဆေးလုံးရဲ့ ထွက်ဆိုချက်အရ ၂၉-၅-၂၀၁၀ရက်နေ့မှာ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်ကို ဘီးလင်းမြို့နယ် ဇုတ်ကလိရွာ ဦးမြင့်ရွှေ၊ ဒေါ်မဲတူတို့ရဲ့ နေအိမ်မှာ မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးရမိခဲ့ပါတယ်။ သူဟာ အခင်းဖြစ်စဉ်က စစ်စိမ်းရောင်ဝတ်စုံဝတ်ပြီး အိမ်ပေါ်တက် ဓားပြတိုက်ခဲ့သူ ဖြစ်ပါတယ်။ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်ကို ဖမ်းဆီးစဉ်မှာ တစ်ဆက်တည်း ဦးမြင့်ရွှေ၊ ဒေါ်မဲတူတို့အိမ်မှာ ဝှက်ထားတဲ့ AK-47 ၂လက်၊ ၄င်းကျည် ၇၂ တောင့်၊ ကျည်အိမ် ၂ခုတို့ကိုပါ သိမ်းဆည်းရမိခဲ့ပါတယ်။ မြန်မာနိုင်ငံ မှုခင်းရဲတပ်ဖွဲ့ (CID)က လက်နက်ခဲယမ်း ကျွမ်းကျင်သူတွေရဲ့ စစ်ဆေးချက်အရ သိမ်းဆည်းရမိတဲ့ လက်နက်ခဲယမ်းများဟာ ဓားပြတိုက်ရာမှာ အသုံးပြုခဲ့တဲ့ လက်နက်ခဲယမ်းများ ဖြစ်ကြောင်း အတည်ပြု ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဦးမြင့်ရွှေ၊ ဒေါ်မဲတူတို့အိမ်က သိမ်းဆည်းရမိခဲ့တဲ့ သေနတ် ၂လက်နဲ့ ဓားပြတိုက်တဲ့ နေအိမ်မှာ ကျန်ခဲ့တဲ့ ကျည်ဆန်ခွံတွေကို CID က လက်နက်ပါရဂူတွေနဲ့ စစ်ဆေးတဲ့အခါ ဒီသေနတ် ၂လက်က ပစ်တဲ့ ကျည်ခွံတွေဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ရရှိခဲ့ပါတယ်။

စုစည်းတင်ပြ

ဒီနေ့တင်ပြခဲ့တဲ့ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးရွာ လူသတ်ဓားပြတိုက်ခဲ့တဲ့ ဖြစ်စဉ်ကို နိဂုံးမချုပ်ခင် အဓိက စုစည်းတင်ပြလိုတဲ့အချက်က ဖြစ်စဉ်မှာပါဝင်တဲ့ ဓားပြ ၅ဦးအနက် အစိမ်းရောင်ဝတ်စုံဝတ်ဆင်ပြီး လက်နက်ကိုင်ဆောင်ပစ်ခတ် ဓားပြတိုက်ခဲ့တဲ့ ခင်မောင်ဝင်း(ခ) မောင်ဝင်း၊ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ပြီး ဖြစ်စဉ်မှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ အေးလွင်(ခ) မြင့်ကျော်(ခ) ကရင်၊ ကိုယ်တိုင်ပါဝင်သူတွေဖြစ်တဲ့ သောင်းလွင်(ခ) ဆေးလုံး၊ မောင်ဆန်း(ခ) ငဆန်းစတဲ့ ၄ဦးကို ဖမ်းဆီးရမိပြီး ဖြစ်ပါတယ်။ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ပြီး ကိုယ်တိုင်ပါဝင်ခဲ့တဲ့ အေးသန်း ၁ဦးသာ တရားခံပြေးအဖြစ် လွတ်မြောက်နေဆဲဖြစ်လို့ ဖမ်းဆီးရမိရေးအတွက် တိုင်းနှင့်ပြည်နယ်အနှံ့ ဆက်စပ်ဖော်ထုတ်ရှာဖွေလျက်ရှိပါတယ်။

ဒါ့အပြင် နောက်ဆုံးထွက်ဆိုချက်များအရ အေးသန်းဟာ AK-47 ၂လက်နှင့် လက်ပစ်ဗုံး ၁လုံး၊ ကျည်များကို သထုံမြို့နယ် တောင်ကြားရွာနေ မောင်မောင်(၄၄)နှစ် (ဘ) ဦးဖားပြောင်းထံမှ ငှားယူခဲ့ကြောင်းနှင့် မောင်မောင်ဟာ KNU အကြမ်းဖက် သောင်းကျန်းသူများနှင့် အဆက်အသွယ်ရှိသူဖြစ်ကြောင်း သိရပါတယ်။

ဒီပြစ်မှုမှာ ဆက်စပ်ပါဝင်သူတွေဖြစ်တဲ့ ပစ်မှတ်အိမ်ကို ရှာဖွေပေးပြီး လက်ထောက်ချတဲ့ သန်းမောင်(ခ) ညပ်စိ၊ စက်လှေသမားဖြစ်တဲ့ စိုးထုံ၊ ဓားပြအဖွဲ့ကို လက်ခံပြီး လက်နက်ခဲယမ်းဝှက်ပေးတဲ့ ဦးမြင့်ရွှေ၊ ဒေါ်မဲတူ စတာတွေကိုလည်း ဖမ်းဆီးရမိထားပြီး ဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ အသုံးပြုခဲ့တဲ့ AK-47 ၂လက်နဲ့ ခဲယမ်းလက်နက်များကိုလည်း သိမ်းဆည်းရမိပြီး ဖြစ်စဉ်ကွင်းဆက် တစ်ခုလုံးကို ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျာ-

မောင်းပြန်လက်နက်တွေ ကိုင်တွယ်ပြီး လူသတ်ဓားပြတိုက်တဲ့ ဖြစ်စဉ်ကို ပြောရင်းနဲ့ တစ်ဆက်တည်း အလျဉ်းသင့်တုန်း အခုတလော လက်နက်ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိမှု ဖြစ်စဉ်တစ်ခုကိုလည်း ထည့်သွင်းပြောကြားလိုပါတယ်။

ဖြစ်စဉ်ကတော့ မေလ ၆ရက်နေ့ ည ၁၁နာရီခန့်မှာ ပဲခူးတိုင်း ရွှေကျင်မြို့နယ် ရွှေကျင်ရဲစခန်းက ညလှည့်ကင်းတပ်ဖွဲ့ဝင်တွေဟာ ရွှေကျင်မြို့ ပျဉ်းမပင်တံတားထိပ်မှာ ၉ခ/၉၀၁၉ နံပါတ်ပြား တပ်ထားတဲ့ Tiger 4W Double Cab ၁စီးကို မသင်္ကာဖွယ် တွေ့ရှိ စစ်ဆေးခဲ့ပါတယ်။ ယာဉ်မောင်းက မြဝတီမြို့မှာနေတဲ့ ညီခိုင်(၂၈)နှစ်ဖြစ်ပြီး ယာဉ်နောက်လိုက်အဖြစ် အဖော်လိုက်ပါလာသူကတော့ မြဝတီမြို့နေ မျိုးအောင် (၃၈)နှစ် ဖြစ်ပါတယ်။ အဲဒီကားကို စစ်ဆေးတဲ့အခါမှာ ကားဆီတိုင်ကီကို အံဝှက်လုပ်ပြီး လျှို့ဝှက်သယ်ဆောင်လာတဲ့ ပွိုင့် ၄၅ ပစ္စတို ၁လက်၊ ၉မမ ပစ္စတို ၁လက်၊ ပွိုင့် ၃၂ ပစ္စတို ၁လက်၊ M-16 ၂လက်၊ M-23 ၁လက်၊ BA-52 စတင်း ၁လက်၊ M-16 ပြောင်းပို ၂ခု၊ စုစုပေါင်းလက်နက် ၇လက်နဲ့ ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ကားဘော်ဒီကြမ်းခင်းအောက်မှာ လျှို့ဝှက်သယ်ဆောင်လာတဲ့ ကျည်မျိုးစုံ ၄၆၄ တောင့်၊ ကျည်ကတ်မျိုးစုံ ၈ခု၊ လေဆာတပ်ထားတဲ့ စနိုက်ပါ မှန်ပြောင်း ၁ခု အပါအဝင် ဆက်စပ်ပစ္စည်း ၁၂မျိုးကိုလည်း ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ ကနဦး ဖမ်းဆီးရမိသူ ယာဉ်မောင်း ညီခိုင်နဲ့ အဖော်လိုက်ပါလာသူ မျိုးအောင်တို့ကို စစ်ကြောချက်အရ ဆက်စပ်ပါဝင်တဲ့ တရားခံများနဲ့ အဖွဲ့အစည်းများကို ဆက်လက်ဖော်ထုတ် စစ်ဆေးနေဆဲဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများ ပြသထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

5-6 (08-09).pmd 2 6/5/2010, 3:01 AM

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ် ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန် ရှင်းလင်းသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ် ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန် ရှင်းလင်းသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် စက်မှု(၁) လမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်/မဂ္ဂဇင်းများမှ စာတည်း အဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ၂၀၁၀ခုနှစ် မေ ၁၆ ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ် ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီး ရမိမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ၂၀၁၀ခုနှစ် မေ ၆ရက်တွင် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့်စပ်လျဉ်း ၍ လည်းကောင်း ရှင်းလင်းပြောကြား သည်။

(မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ် ခင်ရီ၏ ရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားပါသည်။)

ရုပ်သိမ်း

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပြန်လည် ရှင်းလင်းပြောကြားပြီး အခမ်း အနားကို မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

သတင်းထုတ်ပြန် ရှင်းလင်းသည့် အခမ်းအနားအပြီးတွင် တက်ရောက် လာကြသော ပုဂ္ဂိုလ်များနှင့်ဧည့်သည်တော် များသည် အစည်းအဝေးခန်းမ၌ ခင်းကျင်း စီစဉ် ပြသထားသည့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ လူသတ် ဓားပြမှု မှုခင်းဖြစ်စဉ်နှင့် စပ်လျဉ်းသည့် မြေပုံများ၊ ပြစ်မှုကျူးလွန် သူများ ဝင်/ထွက်ရာ လမ်းကြောင်းပြ မြေပုံ၊ ကွမ်းခြံကုန်းမြို့နယ် နယ်မြေအခြေအနေ နှင့် ဒရယ်လူးကျေးရွာမြေပုံ၊ လူသတ် ဓားပြအဖွဲ့ဝင်များ ဆက်သွယ်မှု အခြေပြ ဇယား၊ အခင်းဖြစ်အရပ်မှ တွေ့ရှိရသော ပစ္စည်းများ၊ အခင်းဖြစ်အိမ် ဝင်/ထွက် လမ်းကြောင်းပြမြေပုံ၊ လူသတ် ဓားပြ ခေါင်းဆောင်အေးသန်းနှင့်အဖွဲ့ အခြေပြု နေရာနှင့် ဖော်ထုတ်ဖမ်းဆီးရမိသည့် နေရာပြပုံ၊ လူသတ် ဓားပြမှုနှင့် ပတ်သက် သည့်တရားခံများ၏ ဓာတ်ပုံများနှင့် ကိုယ်ရေးအချက်အလက်များ၊ ဒရယ်လူး ကျေးရွာ လူသတ် ဓားပြမှုတွင် တရားခံများ အသုံးပြုခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ် မေ ၆ ရက် ရွှေကျင်မြို့တွင် ဖမ်းဆီး ရမိသည့် လိုင်စင်မဲ့ယာဉ်၊ လက်နက်ခဲယမ်း များနှင့် ဆက်စပ် ဖြစ်စဉ်များ ပြသထားမှု တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြ သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှု မှုခင်းဖြစ်စဉ်နှင့်စပ်လျဉ်းသည့် မြေပုံများ၊ ဓာတ်ပုံများ၊ လက်နက်ခဲယမ်းများ၊ တရားခံများ၏ ဓာတ်ပုံများနှင့် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများ ပြသထားသည်ကို သတင်းထောက်များ၊ ဖိတ်ကြားထားသူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှု မှုခင်းဖြစ်စဉ်နှင့် စပ်လျဉ်းသည့် မြေပုံများ၊ ဓာတ်ပုံများ၊ လက်နက်ခဲယမ်းများ၊ တရားခံများ၏ ဓာတ်ပုံများနှင့် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများ ပြသထားသည်ကို သတင်းထောက်များ၊ ဖိတ်ကြားထားသူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများ ခင်ဗျာ-

ဖမ်းဆီးရမိ ယာဉ်မောင်းညီခိုင်ဆိုသူဟာ မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကျောင်းတော်ရွာဇာတိဖြစ်ပြီး မွေးချင်း ၆ဦး အနက် ၅ ယောက်မြောက် ဖြစ်ပါတယ်။ အသက် ၂၈နှစ်ရှိပြီး ၈ တန်းအောင်အထိ ပညာသင်ကြားခဲ့ပါတယ်။ ၂၀၀၀ပြည့်နှစ်မှာ အိမ်ထောင်ကျပြီး ဇနီးသည်ရဲ့ ဇာတိဖြစ်တဲ့ ကရင်ပြည်နယ် မြဝတီမြို့ကို ပြောင်းရွှေ့ နေထိုင်ခဲ့ပါတယ်။ မြဝတီမှာ ဆိုင်ကယ် ကယ်ရီလုပ်ငန်း လုပ်ကိုင်ရင်း ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ မကြာခဏ သွားရောက်လေ့ရှိပြီး တစ်ဖက်နိုင်ငံရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ စတင် အဆက်အသွယ် ရရှိခဲ့ပါတယ်။ ၂၀၀၇ခုနှစ်မှာ ပထမအိမ်ထောင်နဲ့ကွဲပြီး မြဝတီမြို့နေ အမျိုးသမီးတစ်ဦးနဲ့ ထပ်မံအိမ်ထောင်ပြုခဲ့ပါတယ်။ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလမှာ KNU/KNLA အဖွဲ့ကို စတင်ဝင်ရောက်ခဲ့ပြီး KNU/KNLA ရိက္ခာတာဝန်ခံ ဗိုလ်အဆင့်ရှိ ရွှေကျော်ဆိုသူရဲ့ လက်အောက်မှာ တာဝန်ထမ်းဆောင်ရပါတယ်။ သူ့ရဲ့အဓိက လုပ်ငန်းကတော့ ထိုင်းနိုင်ငံမှ တင်သွင်းလာတဲ့ မှောင်ခိုပစ္စည်းများအပေါ် ဂိတ်ကြေး ကောက်ခံတဲ့အလုပ်နဲ့ အခုလို လက်နက်မှောင်ခို၊ တရားမဝင် လိုင်စင်မဲ့ကား ရောင်းဝယ်ခြင်းအလုပ်တွေကိုပါ လုပ်ကိုင်နေသူ ဖြစ်ပါတယ်။

ဖော်ထုတ်ချက်တွေအရ ညီခိုင်ဟာ ထိုင်းနိုင်ငံ မဲဆောက်မြို့က ဗီဆန်ဆိုသူထံမှ လိုင်စင်မဲ့ကားများ ဝယ်ယူကာ ရှမ်းပြည်နယ်ဘက်ကို သွားရောက်ရောင်းချခဲ့ပါတယ်။ လိုင်စင်မဲ့ကားတွေ ရောင်းဝယ်မှု ပြုလုပ်တဲ့အခါ ငွေသားအစား စိတ်ကြွရူးသွပ်ဆေးပြားများနဲ့ တန်ဖိုးသင့် ရောင်းဝယ်လက်ခံပြီး အဲဒီစိတ်ကြွရူးသွပ်ဆေးပြားများကို တစ်ဖက်နိုင်ငံသို့ သယ်ဆောင်ရောင်းချကြောင်း သိရပါတယ်။

ဆက်လက်ကြိုးပမ်း

ညီခိုင်ဟာ၂၀၀၉ခုနှစ် စက်တင်ဘာလ လယ်ခန့်မှာ ပထမအကြိမ်အဖြစ် လိုင်စင်မဲ့ Hilux Double Cab ၁စီး၊ ၂၀၀၉ခုနှစ် အောက်တိုဘာလ ပထမပတ်မှာ ဒုတိယ အကြိမ်အဖြစ် လိုင်စင်မဲ့ Pajero 2 Door ၁စီး၊ အောက်တိုဘာလကုန်ပိုင်းမှာ တတိယ အကြိမ်အဖြစ် လိုင်စင်မဲ့ Pajero 4 Door ၁စီး၊ ပစ္စတို ၂လက်၊ M-16 ၃လက်နဲ့ ကျည်ဆန်များကို ရှမ်းပြည်နယ်သို့ မောင်းနှင်ယူဆောင်သွားပြီး အပြန်မှာ စိတ်ကြွရူးသွပ်ဆေးပြားများကို ပြန်လည် ယူဆောင်ခဲ့ပါတယ်။ တတိယအကြိမ်မှာ လိုင်စင်မဲ့ကားသာမက လက်နက်ခဲယမ်း များပါ သယ်ဆောင်လာတာမို့ KNU/KNLA မှ ဗိုလ်မှူးအဆင့်ရှိ စောထူးထူးဝါး (ခ)ဒါးထူးက တောင်ငူမြို့မှ ရှမ်းပြည်နယ် အထိ ခရီးစဉ်တစ်လျှောက် လုံခြုံမှုရှိရေး အတွက် ငွေကျပ် ၁၀သိန်းယူပြီး တာဝန်ယူ ဆောင်ရွက်ပေးကြောင်း ညီခိုင်ရဲ့တရားဝင် ထွက်ဆိုချက်များအရ သိရှိရပါတယ်။ ညီခိုင်ဟာ စတုတ္ထအကြိမ်အဖြစ် ၅-၅-၂၀၁၀ ရက်နေ့မှာ လိုင်စင်မဲ့ Double Cab 4 wheel ၁စီးနဲ့ သေနတ် ၇လက်၊ ကျည်မျိုးစုံ ၄၆၄တောင့်၊ ကျည်ကတ်မျိုးစုံ ၈ခု၊ လေဆာတပ်ထားတဲ့ စနိုက်ပါ မှန်ပြောင်း ၁ခုအပါအဝင် ဆက်စပ်ပစ္စည်း များကို သယ်ဆောင်လာစဉ်မှာ အခုလို ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပါတယ်။ စတုတ္ထ အခေါက်မှာ ယခင်အခေါက်များက သုံးခဲ့တဲ့ လမ်းကြောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ခြေရာခံမိနိုင်တာကြောင့် လမ်းကြောင်း ပြောင်းလဲ သုံးစွဲခဲ့ပေမယ့် လုံခြုံရေးတပ်ဖွဲ့ဝင် များက ကြိုတင်သတင်းရရှိခဲ့တာကြောင့် အခုလိုဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ပါ တယ်။ ကားဖိုးငွေများအဖြစ် ငွေသား အစား တန်ဖိုးတွက်ရယူခဲ့တဲ့ မူးယစ်စိတ်ကြွ ဆေးပြားများကို မြဝတီမြို့နေ နော်တမူး(ခ) နန်းဝင်းရွှေ ဆိုသူမှတစ်ဆင့် တစ်ဖက်နိုင်ငံကို ပြန်လည်ရောင်းချခဲ့ပါတယ်။

ဒီအမှုနဲ့ပတ်သက်တဲ့ မှတ်တမ်း အထောက်အထားများကို ဘုတ်မှာခင်းကျင်း ပြသထားတဲ့အတွက် ဧည့်သည်တော်ကြီး များ လေ့လာကြည့်ရှုနိုင်ပါတယ်။ ကျွန်တော် တို့ ရဲတပ်ဖွဲ့အနေနဲ့ ဒီဖြစ်စဉ်နဲ့ဆက်စပ်ပြီး ကူညီပံ့ပိုးပေးသူတွေ၊ ဆက်စပ်ပါဝင်သူ တွေ၊ လက်ခံဝယ်ယူသူတွေကို ဖော်ထုတ်နိုင် ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းမှု တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှာ ဖြစ်ပါတယ်။ တည်ငြိမ် အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံအဝန်း တည်ငြိမ်အေးချမ်းမှုရရှိအောင် ကျွန်တော် တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက နေ့မအား၊ ညမနား ဆောင်ရွက်နေမှာသာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုတည်ငြိမ်အေးချမ်းမှုရရှိ ဖို့ဆိုတာ လုံခြုံရေးတပ်ဖွဲ့ဝင်ချည်း သက် သက်နဲ့သာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ **ပြည်သူ ပါမှ အောင်ပွဲရ**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ရှေ့ပိုင်းမှာ ကျွန်တော်တင်ပြခဲ့တဲ့ ဖြစ်စဉ် တွေလိုပဲ ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ပူးပေါင်းပါဝင်ကူညီပေးခြင်း ဖြင့် ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရား ဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းဖော်ဆောင် ပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မေတ္တာပန်းပွင့် ဆင်တိုင်းတင့်** တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Green Island School 1 st Anniversary)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇)
၈:၃၀ Sports World(MNL Preview)
၈:၅၅ Activities in the City (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ သက်ကြီးပူဇော်ကန်တော့ပွဲ)
၉:၁၅ ဦးနှောက် အာဟာရဖွံ့ဖြိုးဖို့ နှလုံးလှ စာကြည့်တိုက်မှာ ဖတ်ကြစို့
၉:၂၀ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၉:၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၂၅ နိုင်ငံ့ဝင်ငွေတိုးစေဖို့ R_2E_2 သရက် စိုက်ကြစို့
၁၀:၅၅ သွားမယ်စားမယ် (စံတော်ဝင် Food Center)
၁၁:၂၅ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
၁၁:၄၅ သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း(လှော်ကားဥယျာဉ်)
၁၁:၅၅ Korea ရိုးရာ (Cultures)
၁၂:၂၅ ပြောင်းလဲလာမည့်....သင့်ကမ္ဘာ
၁၂:၄၀ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၁:၀၀ **မေတ္တာပန်းပွင့် ဆင်တိုင်းတင့်** တရားတော်(ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Traditional Fashion)
၃:၂၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇)
၄:၀၅ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၄:၃၀ ဦးနှောက် အာဟာရဖွံ့ဖြိုးဖို့ နှလုံးလှစာကြည့်တိုက်မှာ ဖတ်ကြစို့
၄:၄၀ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၅:၀၀ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သွားမယ်စားမယ် (စံတော်ဝင် Food Center)
၆:၄၅ Shooting Making (နေနဲ့လကို ချည်တဲ့ကြိုး)
၆:၅၅ Fashion Music Festival (Traditional Fashion)
၇:၃၀ Korea ရိုးရာ (Cultures)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဟိုတယ်လမ်းညွှန် (NATURE LAND HOTEL)
၉:၂၀ ဘဝများ ဦးဝင်းနိုင်(အနုပညာ)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇)
၁၀:၀၀ Activities in the City (မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ သက်ကြီးပူဇော်ကန်တော့ပွဲ)
၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Green Island School 1 st Anniversary)
၁၀:၃၅ Shooting Making (နေနဲ့လကို ချည်တဲ့ကြိုး)
၁၀:၄၅ နိုင်ငံ့ဝင်ငွေတိုးစေဖို့ R_2E_2 သရက် စိုက်ကြစို့
၁၁:၀၅ ဟိုတယ်လမ်းညွှန် (NATURE LAND HOTEL)
၁၁:၅၀ ရမ္မာဝတီသို့...ရှုက်လွှင့်ခြင်း
၁၂:၁၀ သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ(ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၁၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

နာမည်ကြီးစပိန်တို့ပါဝင်သော အုပ်စု(ဇ)အခြေအနေ

➢ ရေးသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၄

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အုပ်စု(ဇ)မှာတော့ ချီလီ၊ ဟွန်ဒူးရပ်စ်၊ စပိန်နဲ့ ဆွစ်ဇာလန်အသင်းတို့ ပါဝင်နေတာမို့ စပိန်အသင်းဟာ ကြိုးစားအားထုတ်မှုကောင်းရင် အုပ်စုအဆင့်ကနေ နောက်တစ်ဆင့်ကို ထိပ်ဆုံးကတက်ရောက်နိုင်တဲ့ အခြေအနေ ရှိပါတယ်။

စပိန်အသင်း

စပိန်အသင်း အုပ်စု(ဇ)မှာ ပါဝင်နေခြင်းဟာ အခြားအုပ်စုတွေမှာထက်တော့ အခွင့်အရေးပိုကောင်းနေပါတယ်။ စပိန်အသင်းကို ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဗိုလ်စွဲနိုင်တဲ့ အသင်းတစ်သင်းအဖြစ် ကမ္ဘာ့

ဆွစ်ဇာလန်အသင်းကို နည်းပြအဖြစ် အော့တမာဟစ်ဇ်ဖဲက တာဝန်ယူမှာဖြစ်ပြီး အသင်းခေါင်းဆောင်ကိုတော့ ဘာမီတာကို ရွေးချယ်ထားပါတယ်။ ဘာမီတာဟာ ဘေယာလေဗာကူဆင်အသင်းမှာ ကစားသူဖြစ်ပြီး ဆွစ်ဇာလန်အသင်းမှာတော့ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းကို အဓိက

ချီလီအသင်းမှာ အဓိကပါဝင်ကစားမယ့် ဘောလုံးသမားတွေကတော့ စပို့တင်းလစ္စဘွန်းမှာ ကစားနေတဲ့ ဖာနန်ဒက်ဇ်၊ အူဒီးနိစ်အသင်းမှာ ကစားနေတဲ့ တိုက်စစ်မှူး ဆန်ချက်ဇ်၊ မွန်တာရီကလပ်မှာ ကစားနေတဲ့ ဆူရာဇို တို့ပဲဖြစ်ပါတယ်။ ချီလီနည်းပြ မာဆီလိုဘက်စလာဟာ လူငယ်ခြေတက်တွေကို အဓိကထားပြီး ဖွဲ့စည်းထားတာမို့ ချီလီအသင်း ဘောလုံးသမားတွေရဲ့ ပျမ်းမျှအသက်ဟာ ၂၃ နှစ်ပဲ ရှိပါတယ်။ ဒါကြောင့် ကစားအားကောင်းကောင်းနဲ့ ပြိုင်ဘက်တွေကိုကျော်ဖြတ်ပြီး အုပ်စုအဆင့်က ကျော်လွန်ဖို့အတွက် ချီလီ ကစားသမားတွေ အားထည့်ကြိုးစားဖို့ အသင့်အနေအထား ရှိနေပြီဖြစ်ပါတယ်။

ဟွန်ဒူးရပ်စ်အသင်း

အုပ်စု(ဇ)မှာပါဝင်တဲ့ ဟွန်ဒူးရပ်စ်အသင်းကတော့ နောက်ဆုံးခြေစစ်ပွဲအဖြစ် အယ်လ်ဆာဗေဒိုအသင်းကို နောက်ဆုံးမိနစ်မှာ ဂိုးသွင်းပြီး တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တာမို့ အခုလို ၂၀၁၀ တောင်အာဖရိကကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။

စပိန်အသင်း

အုပ်စု(ဇ)၌ ရေပန်းစားနေသော စပိန်အသင်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ပါ့မလား။

ချီလီအသင်း

အုပ်စုအဆင့်မှ နောက်တစ်ဆင့်တက်ရေး ခြေကုန်ထုတ်ရမည့် ချီလီအသင်းအောင်မြင်မှု ရရှိရေး ဤသို့ အသင့်ရှိနေသည်။

ဘောလုံးပရိသတ်တွေ သုံးသပ်နေကြပါတယ်။ ဒါကလည်း ခြေစစ်ပွဲတစ်လျှောက်မှာ စပိန်အသင်းရဲ့ခြေစွမ်းနဲ့ ကစားသမားတွေရဲ့ အနေအထားကိုကြည့်ပြီး မှတ်ချက်ပြုနေကြခြင်းဖြစ်ပါတယ်။

စပိန်အသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ပထမနေရာမှာ ရပ်တည်နေပြီး ဘရာဇီးရဲ့ အနေအထားထက် နှာတစ်ဖျားအသာမှာ ရှိနေပါတယ်။ စပိန်အသင်းရဲ့ ကမ္ဘာ့ဖလား သမိုင်းမှတ်တမ်းကိုကြည့်ရင် ၁၉၅၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အကြို ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး စတုတ္ထနဲ့ ကျေနပ်ခဲ့ရတဲ့ အသင်းဖြစ်ပါတယ်။ စပိန်အသင်းရဲ့ နည်းပြအဖြစ် ဘော့စ်ကွီက တာဝန်ယူမှာဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ် ဇာဗီကို ရွေးချယ်ထားပါတယ်။ ယူရို ၂၀၀၈မှာ ခြေစွမ်းပြနိုင်ခဲ့တဲ့အပြင် အသင်းလိုက် ကစားအားကောင်းတဲ့ အသင်းအဖြစ် ရေပန်းစားနေတဲ့ အသင်းလည်း ဖြစ်ပါတယ်။

စပိန်အသင်းမှာတော့ ဘာစီလိုနာမှာ ကစားနေတဲ့ ကွင်းလယ်ကစားသမား အင်နီယေစတာနဲ့ ဇာဗီ၊ အာဆင်နယ်မှာ ကစားနေတဲ့ ဖာဘရီဂတ်စ်တို့အပြင် ကာဇိုလာနဲ့ ဂျွန်မာတာတို့ကို အဓိကထား ဖွဲ့စည်းထားတာမို့ စပိန်အသင်းဟာ ပြိုင်ဘက်တွေအတွက် သတိထားယှဉ်ပြိုင်ရမယ့် အသင်းကောင်းတစ်သင်းအဖြစ် ပြိုင်ပွဲဝင်ဖို့ အသင့်ဖြစ်နေတဲ့ အသင်းဖြစ်ပါတယ်။

ဆွစ်ဇာလန်အသင်း

အုပ်စု(ဇ)မှာတော့ ဆွစ်ဇာလန်တို့ကလည်း ရည်မှန်းချက်မြင့်မြင့်ထားနေတဲ့ အသင်းဖြစ်ပါတယ်။ ခြေစစ်ပွဲနဲ့ ခြေစမ်းပွဲ ကာလတွေမှာတော့ ရလဒ်ကောင်းခဲ့တဲ့ အသင်းဖြစ်ပြီး တစ်ဦးချင်းအားထုတ်မှုကောင်းတဲ့ အသင်းဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၈ နေရာမှာရှိပြီး ကမ္ဘာ့ဖလားသမိုင်းမှတ်တမ်းကို ကြည့်ရင် ၁၉၃၄၊ ၁၉၃၈ခုနှစ်နဲ့ ၁၉၅၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေမှာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ကစားသမားတွေအဖြစ် ဘာမီတာ၊ အူဒီးနိစ်မှာ ကစားနေတဲ့ ကွင်းလယ်ကစားသမား ရိုခမ်အင်တာ၊ အလက်ဇန္ဒားဖရီတို့နဲ့ စုဖွဲ့ထားတာမို့ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။

ချီလီအသင်း

အုပ်စု(ဇ)မှာပါဝင်တဲ့ ချီလီအသင်းကလည်း ခြေစွမ်းထက်မြက်တဲ့ အသင်းဖြစ်ပါတယ်။ နောက်ဆုံး ခြေစစ်ပွဲအဖြစ် ကိုလံဘီယာကို လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရပြီး ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တက်ရောက်လာခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ချီလီအသင်းဟာ လက်ရှိဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၇ နေရာမှာ ရှိနေပြီး ခြေစွမ်းပြဂိုးသွင်းမှုအားကောင်းတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒီကမ္ဘာ့ဖလား ဘောလုံးပွဲမှာတော့ ချီလီအသင်းဟာ ၁၉၉၈ ခုနှစ်နောက်ပိုင်း ပထမဆုံး ခြေစစ်ပွဲအောင်လာခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲတစ်လျှောက်မှာ စုစုပေါင်း ၃၂ဂိုး သွင်းယူနိုင်ခဲ့တဲ့ ချီလီတိုက်စစ်မှူးတွေရဲ့ ခြေစွမ်းကလည်း လျှော့တွက်လို့မရတဲ့ အနေအထားရှိပါတယ်။ ချီလီအသင်းရဲ့ နည်းပြကိုတော့ အာဂျင်တီးနားနိုင်ငံသား မာဆီလိုဘက်စလာက တာဝန်ယူထားပြီး အသင်းခေါင်းဆောင်အဖြစ် ဆန်ချက်ဇ်ကို ရွေးချယ်ထားပါတယ်။ ချီလီအသင်းဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ ၁၉၆၂ခုနှစ်က အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး တတိယချိတ်နိုင်ခဲ့ပါတယ်။

ဖီဖာရဲ့လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက် ၃၈ မှာရှိတဲ့ ဟွန်ဒူးရပ်စ်အသင်းဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ ၁၉၈၂ခုနှစ်က ခြေစစ်ပွဲအောင်ခဲ့ပြီး ပထမအဆင့်အုပ်စုပတ်လည်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးတဲ့ မှတ်တမ်းပဲရှိပါတယ်။ ဒါကြောင့် အခုအကြိမ်ဟာ ဟွန်ဒူးရပ်စ်အသင်းရဲ့ ဒုတိယအကြိမ်မြောက် ခြေစစ်ပွဲအောင်လာခဲ့ခြင်းလည်း ဖြစ်ပါတယ်။

နည်းပြ

ဟွန်ဒူးရပ်စ်အသင်းကို နည်းပြအဖြစ် ရူအီလာက တာဝန်ယူနေပြီး အသင်းခေါင်းဆောင်ကတော့ ပလာစီရပ်စ်ကို ရွေးချယ်ထားပါတယ်။ ဟွန်ဒူးရပ်စ်အသင်းမှာ အဓိကပါဝင်ကစားမယ့် ဘောလုံးသမားတွေကတော့ စပါးကလပ်မှာ ကစားနေတဲ့ ကွင်းလယ်ကစားသမား ပလာစီရပ်စ်၊ ဝီဂန်အသင်းမှာ ကစားနေတဲ့ သောမတ်နဲ့ ဖီဂွီရိုအာတို့ကို အခြေတည်ပြီး ပြည်တွင်းမှာ ခြေစွမ်းပြကစားနေတဲ့ ဘောလုံးသမားတွေနဲ့ စုဖွဲ့ထားပါတယ်။ ဟွန်ဒူးရပ်စ်အသင်းဟာ အုပ်စု(ဇ)မှာတော့ နောက်တစ်ဆင့် တက်ရောက်ရေးအတွက် ခက်ခက်ခဲခဲရုန်းကန် ဖြတ်ကျော်ရမယ့် အနေအထားနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

အားပြိုင်

ဒါကြောင့် အုပ်စု(ဇ)မှာ စပိန်၊ ဆွစ်ဇာလန်နဲ့ ချီလီအသင်းတွေရဲ့ အားပြိုင်မှုက အကြိတ်အနယ်ရှိမှာ ဖြစ်တာမို့ ရင်ခုန်စရာ စောင့်ကြည့်ရမယ့် အုပ်စုပဲ ဖြစ်ပါတယ်။ ॥ **ကိုးကား-အင်တာနက်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ဝင်မိသားစု၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် မြို့နယ်ရဲတပ်ဖွဲ့သို့ ထောက်ပံ့ကူညီခဲ့သူများအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို မေ ၃၀ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ (ယာယီ)မြို့နယ်ရဲတပ်ဖွဲ့မှူး ကျေးဇူးတင်စကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ကလေး၌ဖွင့်

ကလေး ဇွန် ၄

စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၇ရက် နံနက် ၈နာရီက ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး တက်ရောက်၍ အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်သန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ပို့ချဆွေးနွေး

ထို့နောက် သင်တန်းတွင် ကလေး၊ တမူး၊ မော်လိုက်ခရိုင်တို့မှ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးများ၊ ခရိုင်ဥပဒေအရာရှိများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးအရာရှိများက ကော်မရှင်ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်မှုများကို ပို့ချဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်

မိုင်းဆတ်မြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၄

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁ရက် နံနက်ပိုင်းက မိုင်းဆတ်မြို့ ဝိန်းဝိုင်ရပ်ကွက် နားကောမူလတန်းကျောင်းအနီး၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအင်ကြူ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မိုင်းဆတ်မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွေးနှင့် သစ်တောဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ပြီး ကျွန်း၊ ပိတောက်၊ စိန်ပန်း၊ မဲဇလီ၊ ချယ်ရီနှင့် ငုဝါစသည့် ပျိုးပင်များ စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုး

အလားတူ မေ ၂၈ ရက်ကလည်း ကောင်းမှုတန်ကျေးရွာ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာန ဒေသခံတိုင်းရင်းသားများက ယူကလစ် တစ်ဧကနှင့် ကျွန်း ၂၈၅ပင်တို့ကို စိုက်ပျိုးကြသည်။ (၁၂၇)

အရိပ်ရ လေကာပင်များ စိုက်ပျိုး

ပြင်စလူမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ ဦးစိုးဝဏ္ဏဝင်းနှင့် အဖွဲ့ဝင်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မေ ၂၅ရက်က ကုမုဒြာလမ်း လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရလေကာပင်များ စိုက်ပျိုးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

ထပ်ပိုးလွှာတင် ကတ္တရာခင်းဆောင်ရွက်မှုနှင့် ကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်မှု မန္တလေးမြို့တော်ဝန် လှည့်လည်စစ်ဆေး

မန္တလေး ဇွန် ၂

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် မေ ၆ရက်က မဟာအောင်မြေမြို့နယ်အတွင်းရှိ ၃၉လမ်းကို ၆၆လမ်းမှ ၆၉လမ်းအထိ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စု မင်းရွာအနီးရှိ တောင်အင်း၊ မြောက်အင်းဒေသတွင် တောင်မြင့်သုသာန် ပြောင်းရွှေ့ရန်နှင့် သုသာန်အဝင်လမ်းကို ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ရေဆိုးထုတ်မြောင်းတစ်လျှောက် ကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်နေမှုနှင့် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် တရုတ်နိုင်ငံမှ မှာယူတင်သွင်းသော သန့်ရှင်းရေးဌာန လုပ်ငန်းသုံး မီးသင်္ဂြိုဟ်စက်၊ အအေးခန်းနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်အတွင်းရှိ ၃၉လမ်းကို ၆၆လမ်းမှ ၆၉လမ်းအထိ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းရန်အတွက် စက်အင်အား၊ လူအင်အားတို့ဖြင့် အခြေခံ ကျောက်လွှာခင်းဆောင်ရွက်နေမှုနှင့် လမ်းဝဲယာရေနုတ်မြောင်းများ၊ ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများရှိ ရေဆိုးများ သက်ဆိုင်ရာရေနုတ်မြောင်းမကြီးအတွင်းသို့ စီးဆင်းနိုင်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လမ်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်းများကို သန့်ရှင်းရေးဌာန ဌာနမှူးနှင့် လမ်း၊ တံတားဌာန ခေတ္တဌာနမှူးတို့အားမှာကြားကာ လမ်းလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့ သည် အမရပူရမြို့နယ်အတွင်းရှိ ဆောက်တောဝကျေးရွာအုပ်စု မင်းရွာအနီးရှိ တောင်အင်း၊ မြောက်အင်းဒေသတွင် တောင်မြင့်သုသာန်ပြောင်းရွှေ့နိုင်ရန် အအေးခန်း၊ ဇရပ်နှင့် မီးသင်္ဂြိုဟ်စက်များထားရှိရန်အတွက် မြေနေရာအခြေအနေနှင့် တောင်မြင့်သုသာန်အဝင်လမ်း၊ အထွက်လမ်းတစ်လျှောက် စက်အင်အား၊ လူအင်အားတို့ဖြင့် ကတ္တရာလမ်းခင်းရန်အတွက် အခြေခံကျောက်လွှာခင်းနေမှုနှင့် ကတ္တရာလမ်းခင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အချိန်မီ

ဆက်လက်၍ ရေဆိုးထုတ် မြောင်းတစ်လျှောက် (ထုံးဘို-မြစ်ငယ်ဖြတ်လမ်းမှ တောင်အင်း၊ မြောက်အင်းအထိ) ကျောက်ရိုးစီ မြေထိန်းနံရံ တည်ဆောက်နေမှုနှင့် ရေဆိုးစီးဆင်းမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စက်ယန္တရားများ အကျိုးရှိစွာ အသုံးပြုဆောင်ရွက်သွားရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေးနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျ အသုံးပြု ဆောင်ရွက်သွားရေးတို့ကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(၁၁၃)**

ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံး မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးမောင်မောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေတလာ

ကချင်ပြည်နယ် သစ်မွေးဝါသနာရှင်များအသင်း ပျိုးပင်ပေါက်များ ပေးအပ်လှူဒါန်း

ဖားကန့် မေ ၃၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဒွန်ဘန်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဝင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးရေး ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ် သစ်မွေးဝါသနာရှင်များအသင်းက ကျောင်းစိမ်းလန်းစိုပြည် သာယာလှပစေရေးနှင့် ဒေသမျိုးရင်း ပရဆေးပင်တစ်မျိုးအဖြစ် စိုက်ပျိုးထားရှိနိုင်ရန် ရွှေသစ်မွေးပျိုးဥယျာဉ်ခြံ၌ ပျိုးထောင်ထားရှိသော မျိုးကောင်းမျိုးသန့် သစ်မွေးမျိုးပင်ပေါက်များကို ကချင်ပြည်နယ် သစ်မွေးဝါသနာရှင်များအသင်း အလုပ်အမှုဆောင် ကော်မတီဝင် ဘဏ္ဍာရေးမှူး ဦးလချမ်းဇေဟောင်းနှင့် ရွှေသစ်မွေးပျိုးဥယျာဉ်ခြံ လက်ထောက်တာဝန်ခံ ဦးကျော်အေးတို့က ကျောင်းအုပ်ရုံးခန်းမ၌ သွားရောက်ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ (ပြည်နယ် ပြန်/ဆက်)

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ဒေါင်ရောက်ကျေးရွာနှင့် ညောင်ကုန်းကျေးရွာ ချင်းဆက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို မေ ၁၃ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးစည်ပင်မှ ရပ်ကွက်များသို့ သောက်သုံးရေပေးဝေ

နေပြည်တော် မေ ၃၀

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီက ပြည်ကြီးတံခွန်မြို့နယ်ရှိ သောက်သုံးရေခက်ခဲသော ရပ်ကွက်များ အတွင်း မေ ၂၀ရက်နှင့် ၂၁ရက်တို့တွင် အလှည့်ကျစနစ်ဖြင့် သောက်သုံးရေပေးဝေခဲ့သည်။ မေ ၂၀ရက် ညနေ ၄နာရီမှ ၆နာရီအထိ ရေသယ်ယာဉ်များဖြင့် ချမ်းမြသာယာရပ်ကွက်၊ (င)ရပ်ကွက်နှင့် ငွေတော်ကျီကုန်းရပ်ကွက်တို့မှ စုစုပေါင်းအိမ်ထောင်စု ၄၄၇စုအတွက် ရေဂါလန်ပေါင်း ၄၈၀၀ ပေးဝေခဲ့သည်။

ဆက်လက်ပေးဝေ

မေ ၂၀ရက်တွင် (င)ရပ်ကွက်၊ သင်ပန်းကုန်းရပ်ကွက်၊ အောင်မြေရပ်ကွက်များအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မော်တော်ယာဉ်ဌာနမှ ရေကားများဖြင့် သောက်သုံးရေများ ဆက်လက်ပေးဝေခဲ့သည်။

ကြီးကြပ်ဆောင်ရွက်

အလားတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်နှင့် မြရည်နန္ဒာရပ်ကွက်တို့မှ အိမ်ထောင်စုများအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေဂါလန် ၁၈၀၀ဆံ့ ရေသယ်ယာဉ် နှစ်စီးဖြင့် သောက်သုံးရေဖြန့်ဝေပေးခဲ့ကြောင်း၊ **(အောက်ပုံ)** ယင်းသို့ သောက်သုံးရေများဖြန့်ဝေရာတွင် ချမ်းမြသာစည်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေနှင့် ရပ်ကွက်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(သတင်းစဉ်)**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စီမံချက် ဆားလင်းကြီး၌ ရှင်းလင်းဆွေးနွေး

ဆားလင်းကြီး မေ ၂၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၇ရက် နံနက်က မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသန်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာပေးဌာနမှ ဒေါက်တာဦးခင်မောင်လွင်၊ ကုလသမဂ္ဂလူဦးရေအဖွဲ့ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ပင်စီထွန်းသိန်းတို့က မိခင်သေနှုန်းကျဆင်းရေး၊ ငါးနှစ်အောက်ကလေးသေနှုန်းကျဆင်းရေး၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်ချက်များ၊ စေတနာ့ဝန်ထမ်းပြည်သူများ အထောက်အကူပြုအဖွဲ့ဝင်များဖွဲ့စည်းရေးနှင့် အိမ်ခြေ ၃၀တွင် စေတနာ့ဝန်ထမ်းတစ်ယောက်နှုန်းရွေးချယ်၍ သင်တန်းပေးပြီး တစ်မြို့နယ်လုံး လွှမ်းခြုံအောင် ဆောင်ရွက်သွားရေး ဆွေးနွေးကြသည်။

မျိုးဆက်ပွား

ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာခင်ခင်ထွန်းက မြို့နယ်အတွင်း မျိုးဆက်ပွားကျန်းမာရေးအခြေအနေများ၊ မိခင်သေနှုန်းနှင့်ကလေး သေနှုန်းတို့ကို နှစ်အလိုက် ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ခွာနာ လျှာနာရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ခွာနာ လျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စွတ်စိုသော ကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်-

၁။ **ခွာနာ လျှာနာရောဂါ**

- ❒ ခွာနာ လျှာနာဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပါသည်။
- ❒ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် ခွာကွဲသတ္တဝါများတွင် ဖြစ်ပွားလေ့ရှိသည်။
- ❒ ရောဂါကူးစက်မှုမြန်ပြီး တိရစ္ဆာန်ငယ်များ သေဆုံးခြင်းဖြစ်စေပါသည်။
- ❒ ရောဂါကျရောက်ဖြစ်ပွားပါက ခိုင်းကျွဲ၊ နွားများ လုပ်ငန်းခွင် မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျှောခြင်း၊ သားမအောင်ခြင်း မြုံခြင်းနှင့် နို့ထွက်နှုန်းလျော့ကျခြင်းများ ဖြစ်စေနိုင်ပါသည်။

၂။ **ရောဂါလက္ခဏာများ**

- ❒ ကိုယ်အပူချိန်တက်ခြင်း၊ အစာမစားဘဲ ငေးမှိုင်နေခြင်း။
- ❒ သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း။
- ❒ လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ စတင်ဖြစ်ပေါ်လာပြီး ၄င်းမှ ပေါက်ပြဲ၍ အနာများဖြစ်လာကာ အစာမစားနိုင်ခြင်း။
- ❒ ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ကာ ခြေထောက်နာပြီး လမ်းမလျှောက်နိုင်ခြင်း။

၃။ **ရောဂါကူးစက်ပျံ့နှံ့ခြင်း**

- ❒ ဗိုင်းရပ်စ်ပိုးသည် ရောဂါဖြစ် တိရစ္ဆာန်၏ အနာဖေး၊အနာသားငန်ရည်၊ သွားရည်၊ နှာရည်၊ ဆီး၊ ဝမ်း၊ နို့၊ သုက်ရည်၊ ကိုယ်တွင်းအင်္ဂါများ စသည်တို့တွင် ပါရှိတတ်သည်။
- ❒ ရောဂါဖြစ် တိရစ္ဆာန်နှင့်ထိတွေ့ခြင်း၊ ရောဂါဖြစ် တိရစ္ဆာန်မှထွက်သည့် ရောဂါပိုးပါသော ပစ္စည်းများနှင့် ရောဂါဖြစ်ခြံရှိ အသုံးအဆောင်ပစ္စည်း၊ အလုပ်သမား၊ အဝတ်အစား၊ ဖိနပ် စသည်တို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသည်။

၄။ **ရောဂါကာကွယ်ခြင်း**

- ❒ ရောဂါမဖြစ်ပွားမီ ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးရန် နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးများသို့ ဆက်သွယ်နိုင်ပါသည်။
- ❒ ရောဂါဖြစ်ပွားပါက ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်သတင်းပေးပို့ရပါမည်။

၅။ **ရောဂါထိန်းချုပ်ခြင်း**

- ❒ ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့် ယင်းတိရစ္ဆာန်နှင့် အတူနေသော တိရစ္ဆာန်တို့ကို သီးသန့်ခွဲခြားထားရမည်။
- ❒ ယင်းတိရစ္ဆာန်များ ပြင်ပသို့မထွက်ရန်၊ ပြင်ပမှတိရစ္ဆာန်များ မဝင်ရောက်နိုင်ရန် စီမံဆောင်ရွက်ရမည်။
- ❒ ရောဂါဖြစ်နေသော တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတိရစ္ဆာန်နှင့်အတူ နေသော တိရစ္ဆာန်ကိုဖြစ်စေ ရောဂါဖြစ်ပွားဆဲကာလအတွင်း ရောင်းချခြင်း၊ အခြားဒေသသို့ သယ်ဆောင်မောင်းနှင်ခြင်း မပြုရပါ။
- ❒ ယင်းတိရစ္ဆာန်၏ အညစ်အကြေးများ၊ အညစ်အကြေးနှင့် ထိစပ်သော ပစ္စည်းများ၊ အစာအကြွင်းအကျန်များကို မြေမြှုပ်၍ဖြစ်စေ၊ ခြံသုံးပိုးသတ်ဆေးဖျန်း၍ဖြစ်စေ၊ မီးရှို့၍ဖြစ်စေ ဖျက်ဆီးပစ်ရပါမည်။
- ❒ ရောဂါဖြစ်နေသော တိရစ္ဆာန်ကို ပြုစုစောင့်ရှောက်သူ၊ ယင်းခြံအတွင်းဝင်သူတို့သည် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေထောက်၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ရပါမည်။

၆။ **ရောဂါကုသခြင်း**

- ❒ ကျောက်ချဉ် လေးကျပ်သားကို တစ်လီတာဝင် ရေသန့်ဘူးတွင် ဖျော်စပ်၍ လျှာ၊ ပါးစပ်ကို တစ်နေ့လေးကြိမ် သုတ်လိမ်းပေးပါ။
- ❒ ခွာအနာကို သန့်ရှင်းခြောက်သွေ့စေ၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပေးပါ။

၇။ **ပူးပေါင်းဆောင်ရွက်ခြင်း**

- ❒ ရောဂါဖြစ်ပွားလျှင် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာသတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရွှေပြည်သစ်ဆီ ပိုက်လိုင်းသွယ်မည်

➢ သတင်းဆောင်းပါး - ကျော်ကျော်လှိုင်
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၄

ရန်ကုန်မြို့၏ လူဦးရေသည် နှစ်စဉ် တိုးတက်လျက်ရှိပါသည်။ ရန်ကုန်မြို့၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်မှာလည်း နှစ်စဉ် တိုးနေပါသည်။ ရန်ကုန်မြို့အနီးပတ်ဝန်းကျင်တွင် သဘာဝဓာတ်ငွေ့ဖြင့် လည်ပတ်သော တာဘိုင်ဓာတ်အားပေးစက်ရုံ လေးလုံး (အလုံ၊ လှော်ကား၊ သာကေတ၊ ရွာမ)ရှိပြီး ၄င်းသဘာဝဓာတ်ငွေ့ တာဘိုင်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၃၄၀ (340 MegaWatt) ခန့် ထုတ်လုပ်ပေးပါသည်။ သဘာဝဓာတ်ငွေ့ တာဘိုင်ဓာတ်အားပေးစက်ရုံများ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်မှာ တစ်နေ့လျှင် ကုဗပေသန်းပေါင်း ၁၅၃သန်းခန့် ရှိပါသည်။ သဘာဝဓာတ်ငွေ့သုံးယာဉ်များ၏ လိုအပ်ချက်မှာ တစ်နေ့လျှင် ကုဗပေသန်းပေါင်း ၂၀ခန့် ရှိပါသည်။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အထက်ပါ ဓာတ်ငွေ့လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ညောင်တုန်းသဘာဝဓာတ်ငွေ့မြေနှင့် မအူပင်သဘာဝဓာတ်ငွေ့မြေတို့မှ ထွက်ရှိသော ဓာတ်ငွေ့များအပြင် ကမ်းလွန်ရတနာသဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့များကို အသုံးပြုရပါသည်။ ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ကို ထားဝယ်မြို့အနီးရှိ ကန်ဘောက်ဒေသမှ လက်မ ၂၀ ပိုက်လိုင်းဖြင့် မြိုင်ကလေးကိုဖြတ်ကာ ရန်ကုန်မြို့သို့ ပို့လွှတ်ပါသည်။ ကန်ဘောက်ဒေသမှ မြိုင်ကလေး လက်မ ၂၀ပိုက်လိုင်းကို ၂၀၀၀ပြည့်နှစ်တွင် ဆက်သွယ်ခဲ့ပြီး မြိုင်ကလေးမှ ရန်ကုန် လက်မ ၂၀ ပိုက်လိုင်းကို ၂၀၀၆ ခုနှစ်တွင် ဆက်သွယ်ခဲ့ပါသည်။

အစားထိုးနိုင်

ကန်ဘောက်၊ မြိုင်ကလေး၊ ရန်ကုန် လက်မ ၂၀ ဓာတ်ငွေ့ပိုက်လိုင်းသည် လူသူအရောက်အပေါက်နည်းပြီး အဖျက်သမားများ ဒုက္ခပေးနိုင်သော တနင်္သာရီတောင်ကြောကိုဖြတ်၍ သွယ်တန်းထားရခြင်း၊ သက်တမ်း ၁၀နှစ် နီးပါးရှိပြီဖြစ်၍ ပိုက်လိုင်း၏ ကြံ့ခိုင်မှုလျော့နည်းလာခြင်းတို့ကြောင့် ကန်ဘောက်၊ မြိုင်ကလေး၊ ရန်ကုန် လက်မ၂၀ ဓာတ်ငွေ့ပိုက်လိုင်းကို အစားထိုးနိုင်မည့် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု လိုအပ်လာပါသည်။

စာမျက်နှာ ၆ ကော်လံ ၁ *

HDD (Horizontal Directional Drilling Machine) စက်ဖြင့် မြစ်ကြမ်းခင်းအောက်မှ တူးဖောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။